# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၉၁)၊ ၁၃၈၇ ခုနှစ် ၊ တပေါင်းလဆန်း ၁၄ ရက်၊ ၁–၃–၂၀၂၆၊ တနင်္ဂနွေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်း နိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၆ ခုနှစ် ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူမည့် ဆရာတော်ကြီးများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၈

၂၀၂၆ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူမည့် ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ အဂ္ဂမိပတိ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ နေ့ဆွမ်းဆက်ကပ် လှူဒါန်းသည်။

စာမျက်နှာ ၃ သို့ ❖



### ဆက်ကပ်လှူဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ သန်လျင်မင်းကျောင်း ဆရာတော် ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန် ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ မတ် ၁ ရက်၊ တနင်္ဂနွေနေ့ ။

## ပြင်ဦးလွင်မြို့ သုမင်္ဂလာအဆင့်မြင့်ဈေးအတွင်း ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချလျက်ရှိ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ သုမင်္ဂလာအဆင့်မြင့်ဈေး ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ပြင်ဦးလွင်မြို့ သုမင်္ဂလာအဆင့်မြင့်ဈေးသို့ရောက်ရှိကြရာ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)နှင့် ပညာရေးဒီဂရီကောလိပ် (မန္တလေး) တို့မှ ကျောင်းသူလေးများက ပန်းကမ္ဘာမျှော်စင် တေးသီချင်းဖြင့် ကပြဖျော်ဖြေကြိုဆိုကြသည်။

သုမင်္ဂလာအဆင့်မြင့်ဈေးအဆောက်အအုံအသစ်အား ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ပြင်ဦးလွင်မြို့ သုမင်္ဂလာအဆင့်မြင့်ဈေး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် သုမင်္ဂလာအဆင့်မြင့်ဈေးအတွင်း ဆိုင်ခန်းများဖွင့်လှစ်ရောင်းချလျက်ရှိမှုအခြေအနေများ၊ ကလေးကစားကွင်းအတွင်း ကလေးငယ်များ ဆော့ကစားလျက်ရှိမှုအခြေအနေများနှင့် ရုပ်ရှင်ရုံတို့အတွင်း လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် သုမင်္ဂလာအဆင့်မြင့်ဈေး အဆောက်အအုံသစ်၏ သမိုင်းကြောင်းနှင့် အဆောက်အအုံတည်ဆောက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်းသည့် Video Clip ကို ကြည့်ရှုကြသည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ပြင်ဦးလွင်မြို့ သုမင်္ဂလာအဆင့်မြင့်ဈေး တည်ဆောက်ပြီးစီးမှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။

ပြင်ဦးလွင်မြို့ သုမင်္ဂလာအဆင့်မြင့်ဈေးအား ပြင်ဦးလွင်မြို့၏ လူနေထူထပ်မှုများပြားလာမှု၊ အပန်းဖြေခရီးသွားလာမှု များပြားလာမှုနှင့်ကိုက်ညီသည့် အဆင့်မြင့်ဈေးသစ်ကြီးဖြစ်ပေါ်လာစေရန်၊ ခေတ်စနစ်နှင့်အညီ မြို့ပြဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ၊ နိုင်ငံတကာနှင့် လိုက်လျောညီထွေမှုရှိသည့် RC အဆင့်မြင့် ဈေးသစ်ကြီးဖြစ်ပေါ်လာစေရန်၊ ဒေသထွက်ကုန် အခြေခံကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် တစ်စုတစ်ဝေးတည်း ရောင်းဝယ်ဖောက်ကားရရှိလာစေရန်၊ တောင်ပေါ်မြေပြန့် ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်လာစေရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဈေးသစ်ကြီးသည် RC အမျိုးအစား ၆ ထပ် အဆောက်အအုံဖြစ်ပြီး ဈေးဝယ်သူများ အဆင်ပြေစွာသွားလာနိုင်စေရန်အတွက် စက်လှေကား ၁၂ စင်း၊ ဓာတ်လှေကား ၆ စင်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစနစ်၊ လုံခြုံရေးစနစ်၊ မီးဘေးအန္တရာယ်ကာကွယ်မှုစနစ်နှင့် သဘာဝဘေးဒဏ်ခံနိုင်မှုစနစ်များကို စနစ်တကျဖြင့် ထည့်သွင်းတည်ဆောက်ထားခြင်းဖြစ်သည်။ သုမင်္ဂလာအဆင့်မြင့်ဈေးကြီးအတွင်း Branded ဆိုင်များ၊ Promotion Area ၊ Cart Shop Area Bank Area များ Super Market တစ်ခု မီနီမတ်ဆိုင်များ၊ စတိုးဆိုင်များ၊ အဝတ်အထည်နှင့် အလှကုန်ဆိုင်များ၊ ကုန်ခြောက်ဆိုင်များ၊ စားသောက်ဆိုင်များ၊ အားကစားကွင်းတစ်ခုနှင့် ရုပ်ရှင်ရုံများကို ထည့်သွင်းတည်ဆောက်ထားသည့်အပြင် ယာဉ်ရပ်နားရန်နေရာများကိုလည်း စနစ်တကျဖြင့် ထည့်သွင်းတည်ဆောက်ထားရှိကြောင်း ရေးသားလိုက်ရပေသည်။

## အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်သင်တန်း ဖွင့်လှစ်

**မန္တလေး ဖေဖော်ဝါရီ ၂၈**

ဆုထူးပန် အဘိဓမ္မာထွန်းကားပြန့်ပွားရေးအသင်း(မန္တလေး) မှ အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်သင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ သာသနာရေးဦးစီးဌာနက ကျင်းပသော အဘိဓမ္မာ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲများကို ဝင်ရောက်ဖြေဆိုနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

၂၈.၂.၂၀၂၆ ရက် မှ ၂၉.၁၁.၂၀၂၆ ရက်ထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အောင်မြေသာစံမြို့နယ်၊ ၈၆ လမ်း၊ ၁၈ လမ်းနှင့် ၁၉ လမ်းကြား၊ မဟာဒီပဲယင်းကျောင်းတိုက်၊ ရွှေတောင်သာ ဓမ္မဗိမာန်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။ မည်သူမဆို တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

(က.ဆ)

## သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် မန္တလေးဗဟိုအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး



**မန္တလေး ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လှမြင့်သည် တရားလွှတ်တော်တရားသူကြီး ဦးစောမျိုးမျိုး၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးခင်မောင်မြင့်၊ ရုံးအဖွဲ့မှူး ဒေါ်သီတာစိုး၊ မဟာအောင်မြေခရိုင် တရားသူကြီး ဒေါ်အေးမွန်စမ်း၊ အောင်မြေသာစံခရိုင် တရားသူကြီး ဒေါ်တင်သန်းနှင့် အောင်မြေသာစံမြို့နယ်တရားသူကြီး ဒေါ်မြတ်သဇင်နိုင်တို့ လိုက်ပါလျက် ယမန်နေ့နံနက် ၉ နာရီက မန္တလေးဗဟိုအကျဉ်းထောင်သို့ သွားရောက် စစ်ဆေးကြသည်။

တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့်အဖွဲ့သည် အကျဉ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးချိုဝင်းထွန်း၊ အကျဉ်းထောင်တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဇော်မောင်တို့နှင့်အတူ မန္တလေးဗဟိုအကျဉ်းထောင်ရှိ အကျဉ်းသူ၊ အကျဉ်းသား၊ အချုပ်တရားခံများ ဥပဒေပါအခွင့်အရေးများရရှိခြင်း ရှိ၊ မရှိ ပြစ်ဒဏ်ကျခံနေသည့် ကလေးသူငယ်အကျဉ်းသားများ ရှိ၊ မရှိ စစ်ဆေးကြည့်ရှုသည့်အပြင် အကျဉ်းသူ၊ အကျဉ်းသားများနှင့် အချုပ်တရားခံများ၏ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အမျိုးသမီးများ၏ လုံခြုံမှုနှင့် ကာကွယ်စောင့်ရှောက်မှု၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုမေးမြန်းပြီး ကြန့်ကြာနေသော အချုပ်တရားခံအမှုများနှင့် ထောင်အယူခံတင်သွင်းမှုအခြေအနေ၊ အချုပ်တရားခံအမှုများကို မြန်ဆန်စွာစစ်ဆေးပြီး ပြတ်နိုင်ရေး၊ စစ်ဆေးဆဲ အမှုလက်ကျန် လျော့နည်းကျဆင်းရေးတို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး အချုပ်တရားခံများနှင့် အကျဉ်းကျတရားခံများ နေထိုင်သည့်အဆောင်များ၊ အကျဉ်းထောင်အတွင်းရှိ သီးသန့်တရားရုံးများ၊ စားရိပ်သာအဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၉၃)

၀-၀-၀-၀-၀

## မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး ဝန်ထမ်းများအား ဆန်၊ ဆီနှင့်ဝတ်စုံများ ထောက်ပံ့

**မန္တလေး ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးရှိ ဥပဒေအရာရှိများနှင့် ဝန်ထမ်းများအား ဆန်၊ ဆီနှင့် ရုံးဝတ်စုံများထောက်ပံ့ခြင်းကို ဖေဖော်ဝါရီ ၂၇ ရက်က ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးတိုင်းဥပဒေချုပ်ရုံးခန်းမ၌ ပြုလုပ်ခဲ့သည်။

(ယာပုံ)



အဆိုပါပစ္စည်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ဝန်ထမ်းများအား ပြန်လည်ခွဲဝေပေးခြင်းဖြစ်သည်ဟု သိရသည်။

မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်က ဆန်၊ ဆီနှင့် ရုံးဝတ်စုံများကို ဥပဒေအရာရှိများနှင့် ဝန်ထမ်းများအား ထောက်ပံ့ပေးအပ်ခဲ့ပြီး ဝန်ထမ်းများအနေဖြင့်လည်း မိမိလုပ်ငန်းတာဝန်များကို ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ တာဝန်ကျေပွန်စွာ ဆောင်ရွက်ရန်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချီရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်



## ငါးပါးသီလ ခံယူဆောက်တည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြစဉ်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

❖ ရွှေဖုံးမှ

အခမ်းအနားသို့ အထူးပင့်ဖိတ်ထားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသတို့အမှူးပြုသည့် ပြည်တွင်း၊ ပြည်ပဘွဲ့ခံဆရာတော်ကြီး ၁၄၆ ပါးနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးတစ်ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီးတို့နှင့်အတူ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး၊ ကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

### ကပ်လှူပူဇော်

အခမ်းအနားမစတင်မီ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အဂ္ဂါမိပတိ သာသနာ့ဗိမာန်တော်ကြီးအတွင်း ရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ် ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်သည်။

ထို့နောက် အခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ

*စာမျက်နှာ ၄ သို့*



ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၃ မှ*

ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံသို့ လည်းကောင်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဆရာတော်ကြီးထံသို့ လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ်နှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ အခမ်းအနားသို့ တက်ရောက်လာသည့် အကြီးအကဲများက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးများထံသို့ လည်းကောင်း လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ ဇနီးက ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် သီလရှင်ဆရာကြီးတစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

**အနုမောဒနာတရားနာယူ**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသတို့ အမှူးပြုသည့် ၂၀၂၆ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ကော်ရော် အပူဇော်ခံတော်မူကြမည့် ပြည်တွင်း၊ ပြည်ပဘွဲ့ခံ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးတို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ၂၀၂၆ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်အပူဇော်ခံယူတော်မူကြမည့် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် သီလရှင်ဆရာကြီးတစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## ချမ်းမြသာစည်မြို့နယ်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသား ပြည်သူများအား ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက်သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့များက မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်အမှတ်(၄) ရပ်ကွက်ရှိ အောင်ချမ်းအေးဓမ္မာရုံ၌ အခြေပြု၍ ဒေသခံပြည်သူ ၁၂၇ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ နား /နှာခေါင်း / လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက် ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက် ကုသနိုင်ရေးဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ဧရာဝတီတိုင်းဒေသကြီးရှိ ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဖေဖော်ဝါရီ ၂၈

ဧရာဝတီတိုင်းဒေသကြီးရှိ ဟိုတယ်လုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရေး၊ ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်ရာနေရာများ သန့်ရှင်းသာယာလှပပြီး ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ စဉ်ဆက်မပြတ် တိုးတက်လည်ပတ်စေရေးအတွက် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ရှိ ဟိုတယ်များ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဟိုတယ်များမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု၊ အခန်းများပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ခရီးသွားဧည့်သည်များ တည်းခိုနေထိုင်မှု၊ ဧည့်သည်များ၏ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး ပြင်ဆင်ထားရှိမှုနှင့် ဟိုတယ်များသို့ ဧည့်သည်များ ပိုမိုလာရောက် တည်းခိုနေထိုင်ကြရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက် များအပေါ် ပြည်ထောင်စုဝန်ကြီးက ပုသိမ်မြို့သည် ဧရာဝတီတိုင်းဒေသကြီး၏ မြို့တော်ဖြစ်ပြီး အထင်ကရခရီးစဉ်ဒေသတစ်ခု ဖြစ်သည့်အတွက် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရန် အဆင့်မီသော ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုများ ပေးနိုင်ရန် စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်ကြရေး၊ ဟိုတယ်ရှိ ဝန်ထမ်းများအား စွမ်းဆောင်ရည်ပြည့်ဝသော ဝန်ထမ်းများဖြစ်စေရေး၊ ဒေသထွက်ရိုးရာလက်မှုအနုပညာ ပစ္စည်းများ ခင်းကျင်းထားရှိရေး၊ ဒေသထွက်ရိုးရာအစားအစာများကို အဆင့်အတန်းမီစွာ ပြင်ဆင်တည်ခင်းဧည့်ခံရေး၊ ဧည့်သည်များ မိမိတို့ဟိုတယ်များ၌ စိတ်အေးချမ်းမြေ့စွာ ရက်ရှည်တည်းခိုနေထိုင်ကြရေးအတွက် ဟိုတယ်အတွင်း အပြင် ဆွဲဆောင်မှုရှိသော အပြင်အဆင်များ ဖန်တီးဖော်ဆောင်ကြရေး၊ ဟိုတယ်ပရဝဏ်အတွင်းနှင့် မျက်နှာစာများကို သန့်ရှင်းသာယာလှပအောင် ပြင်ဆင်ဆောင်ရွက်ကြရေး မှာကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ ပုသိမ်မြို့ရှိ အားကစားနှင့်ကာယပညာသိပ္ပံကျောင်း တည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုမူလခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် ၁၀ ခန်းတွဲ (RC)သုံးထပ် သင်တန်းသားအိပ်ဆောင် တည်ဆောက်ခြင်းလုပ်ငန်းနှင့် 315 KVA Transformer, 11 KVA, 0.4 Line မီးလိုင်းတပ်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုမူလခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် ကျောင်းအဝင် မုခ်ဦး၊ အုတ်တံတိုင်း၊ ခြံစည်းရိုးကာရံခြင်း၊ မိုးလုံလေလုံ အားကစားရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ လျှာထိုးကြမ်းခင်းခြင်းလုပ်ငန်း၊ PA System Apron & Drain အတွင်း ရေ၊ မီး၊ မိလ္လာအပါ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရန်၊ ရေရှည်တည်တံ့စေရေး အရည်အသွေးကောင်းမွန်သည့်ပစ္စည်းများ အသုံးပြုတည်ဆောက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး တိုင်း၊ ခရိုင်၊ မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနများနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်များ၊ မူဝါဒများ၊ လုပ်ငန်းတာဝန်များဖြစ်သည့် အားကစားကဏ္ဍနှင့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များနှင့် အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပုသိမ်မြို့ ကိုးသိန်း အားကစားကွင်းသို့ သွားရောက်၍ ဘောလုံးကွင်း မြက်ခင်း စိမ်းလန်းစိုပြည်ရေးအတွက် မြက်ကြမ်းများရှင်းလင်းဖယ်ရှားရန်နှင့် သန့်ရှင်းသာယာလှပရေး ပုံမှန်ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုမူလခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် ပုသိမ်မြို့ အဆင့်မြင့် ရေကူးကန်အတွင်းရှိ မီတာ ၅၀ ရေကူးကန်၊ ဒိုင်ဗင်ကန် တည်ဆောက်ထားရှိမှုနှင့် နွေရာသီရေကူးသင်တန်း ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ရေကူးကန်ကို သတ်မှတ် အချိုးအစားအတိုင်း ဆေးခတ်ခြင်း၊ ရေသန့်စင်ခြင်း ပုံမှန်ဆောင်ရွက်၍ ရေကူးကန် ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ရန်၊ ရေကူးအားကစားနည်းသည် အိုလံပစ်အားကစားနည်းဖြစ်သည့်အတွက် ရေကူးမျိုးဆက်သစ် အားကစားသမားများရရှိစေရန် နွေရာသီရေကူးသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် လျှပ်စစ်ဥပဒေပုဒ်မ ၇၂ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ယင်းဥပဒေ ပုဒ်မ ၄၁ နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လျှပ်စစ်ဓာတ်အားခနှုန်းထားများကို အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၂၆) ကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။

၂။ သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas - LNG)သုံး ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို တိုက်ရိုက်လိုင်းဖြင့် ဓာတ်အားပေးနိုင်သည့် စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်များအတွင်း ရှိ အိမ်သုံးမဟုတ်သည့်နှုန်းထားဖြင့် ကောက်ခံနေသော လျှပ်စစ်ဓာတ်အားသုံးစွဲသူများထံ ဓာတ်အားလိုင်းနှင့် ဓာတ်အားစနစ်ပြတ်တောက်မှု(Line Fault and System Breakdown)မှအပ ဓာတ်အားဖြတ်တောက်မှု (Load Shed) မပြုလုပ်ဘဲ ၂၄ နာရီ သီးခြားဓာတ်အားပေးမည်ဖြစ်ပြီး၊ အဆိုပါ ဓာတ်အားအတွက် ပုံသေဓာတ်အားခနှုန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ကောက်ခံသွားမည်ဖြစ်ကြောင်း သတ်မှတ်လိုက်သည်။

၃။ စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များ၏ ပြင်ပတွင်ရှိသော စက်မှု/စီးပွားရေးလုပ်ငန်းများက အထက် အပိုဒ်(၂)ပါအတိုင်း ပုံသေဓာတ်အားခနှုန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ပေးဆောင်၍ လျှပ်စစ်ဓာတ်အား ကို ၂၄ နာရီ ရယူလိုကြောင်း ဌာနသို့တင်ပြလာပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၄။ သို့ရာတွင် လက်ရှိဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်ပေးနိုင်မှုနှင့် ဓာတ်အားလိုင်းများမှ ဓာတ်အားသယ်ဆောင်နိုင်နင်းမှုအပေါ် မူတည်၍ ပုံမှန်ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးလျက်ရှိသော အများ ပြည်သူနှင့် စက်မှု/စီးပွားရေးလုပ်ငန်းများကို လက်ရှိကောက်ခံလျက်ရှိသော ဓာတ်အားခနှုန်း (အိမ်သုံး အမျိုးအစားနှင့် အိမ်သုံးမဟုတ်သည့်အမျိုးအစားနှစ်ရပ်၏ အလွှာအလိုက် သတ်မှတ်နှုန်း) ဖြင့် ပြင်ဆင် ပြောင်းလဲမှုမရှိဘဲ ဆက်လက်ကောက်ခံသွားမည်ဖြစ်ပါသည်။

၅။ ဓာတ်အားသုံးစွဲသူအမျိုးအစားအလိုက် ကောက်ခံမည့်ဓာတ်အားခနှုန်းထား သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ဓာတ်အားသုံးစွဲသူအမျိုးအစား | ဓာတ်အားခနှုန်းထား | |
|---|---|---|---|
| | | သုံးစွဲယူနစ်အလွှာ | ကျပ် |
| (က) | **အိမ်သုံးအမျိုးအစား** [နေအိမ်သုံး၊ အိမ်သုံးပါဝါ၊ တစ်လုံးတစ်ခဲတည်း (အိမ်သုံး)၊ စီးပွားရေးလုပ်ငန်းမပါသော ဘာသာ/သာသနာအဆောက်အအုံ] **မှတ်ချက်။ လက်ရှိကောက်ခံနေသော နှုန်းထားအတိုင်း ပြောင်းလဲမှု မရှိပါ။** | ၁ မှ ၅၀ ယူနစ်အထိ | ၅၀ |
| | | ၅၁ မှ ၁၀၀ ယူနစ်အထိ | ၁၀၀ |
| | | ၁၀၁ မှ ၂၀၀ ယူနစ်အထိ | ၁၅၀ |
| | | ၂၀၁ ယူနစ်နှင့် အထက် | ၃၀၀ |
| (ခ) | **အိမ်သုံးမဟုတ်သည့်အမျိုးအစား** [စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ တစ်လုံးတစ်ခဲတည်း၊ ယာယီသုံး၊ လမ်းမီး၊ အစိုးရရုံး ဌာနအဖွဲ့အစည်းများ၊ နိုင်ငံပိုင်စက်မှုလုပ်ငန်းများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ မြစ်ရေတင် လုပ်ငန်း၊ စည်ပင်သာယာရုံး ဌာန/လုပ်ငန်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံခြား သံရုံးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ] **မှတ်ချက်။** **(၁) လက်ရှိကောက်ခံနေသော နှုန်းထားအတိုင်း ပြောင်းလဲမှု မရှိပါ။** **(၂) ဓာတ်အားထုတ်လုပ်မှုနှင့် ဓာတ်အားဖြန့်ဖြူးမှု နိုင်နင်းခြင်းမရှိလျှင် ဓာတ်အားဖြတ်တောက် မှု( Load Shed) ရှိနိုင်ပါသည်။** **(၃) စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များ၏ ပြင်ပတွင်ရှိသော စက်မှု/ စီးပွားရေးလုပ်ငန်းများက ပုံသေဓာတ်အားခနှုန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ပေးဆောင်၍ လျှပ်စစ်ဓာတ်အားကို ၂၄ နာရီ ရယူလိုကြောင်း ဌာနသို့ တင်ပြလာပါက ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။** | ၁ မှ ၅,၀၀၀ ယူနစ်အထိ | ၂၅၀ |
| | | ၅,၀၀၁ မှ ၂၀,၀၀၀ ယူနစ်အထိ | ၄၀၀ |
| | | ၂၀,၀၀၁ယူနစ်နှင့်အထက် | ၅၀၀ |
| (ဂ) | သီးခြားတိုက်ရိုက်လိုင်းဖြင့် ဓာတ်အားရယူထားပြီး ဓာတ်အားဖြတ်တောက်မှု မရှိဘဲ ၂၄ နာရီ ဓာတ်အားရရှိသော စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်နှင့် စက်မှု/စီးပွားရေးလုပ်ငန်းများ အမျိုးအစား | ၁ ယူနစ်နှင့်အထက် | ၉၀၀ |

၆။ ဤလျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်းသည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

# ရာဇမဏိစူဠာကောင်းမှုတော် စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စစ်ကိုင်းမြို့အတွင်း လှည့်လည်ပူဇော်ခြင်းနှင့် ပင့်ဆောင်ခြင်းအခမ်းအနားကျင်းပ



**မုံရွာ ဖေဖော်ဝါရီ ၂၈**
လျှောင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို လှည့်လည်ပူဇော်ခြင်းနှင့် စေတီတော်ကြီးသို့ ပင့်ဆောင်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သီတဂူဝိပဿနာ တက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားသို့ သီတဂူဆရာတော်ကြီးနှင့် ပင့်သံဃာဆရာတော်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သီတဂူဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စစ်ကိုင်းမြို့အတွင်း လှည့်လည်ပူဇော်ရန် မော်တော်ယာဉ်ပေါ်သို့ ပင့်ဆောင်ကြကာ စစ်ကိုင်းတောင်ရိုး သီတဂူဝိပဿနာတက္ကသိုလ်မှ ကျော်ထက်လမ်းဆုံ၊ ကမ်းနားလမ်းနှင့် စစ်ကိုင်း - မုံရွာ ကားလမ်းတစ်လျှောက် စူဠာမဏိကောင်းမှုတော် စေတီတော်မြတ်ကြီးသို့ လှည့်လည်ပူဇော်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဧရာဝတီမြစ်ကမ်း စစ်ကိုင်း-မင်းကွန်း ကားလမ်း ရေတိုက်စားမှုကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်း ဘိုးပိုင်အခြေပြု သံကူကွန်ကရစ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

■ **စာမျက်နှာ ၂၄ မှ**
Visakhapatnam မြို့သို့ ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိခဲ့သည်။

နိုင်ငံတကာစစ်ရေယာဉ်များတွေ့ဆုံပွဲ (IFR-2026) အခမ်းအနားသို့ အိန္ဒိယသမ္မတ ဒရူပါဒီမာမူ (Droupadi Murmu) တက်ရောက်ခဲ့ပြီး မြန်မာ့တပ်မတော်(ရေ)မှ အဖွဲ့ခေါင်းဆောင်အဖြစ် စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။ အခမ်းအနားသို့ နိုင်ငံပေါင်း ၇၄ နိုင်ငံမှ အဆင့်မြင့်ရေတပ်အရာရှိကြီးများ၊ နိုင်ငံတကာရေတပ်များ၊ ဒေသတွင်းရေတပ်များနှင့် အိမ်နီးချင်းရေတပ်များမှ စစ်ရေယာဉ်များ စုပေါင်းတက်ရောက်ကြသည်။ အဆိုပါအခမ်းအနားများနှင့် တစ်ဆက်တစ်စပ်တည်း ပြုလုပ်သည့် အိန္ဒိယသမုဒ္ဒရာရေတပ်ဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် ဂိုအာ ပင်လယ် ရေကြောင်းဆိုင်ရာ သီးသန့်ဆွေးနွေးပွဲများသို့လည်း တပ်မတော်(ရေ)မှ စစ်ဦးစီးအရာရှိချုပ်(ရေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့မှ ပါဝင်တက်ရောက်သည်။

ဖရီဂိတ် စစ်ရေယာဉ် (အောင်ဇေယျ) သည် ဖေဖော်ဝါရီ ၁၈ ရက်တွင်ပြုလုပ်သော နိုင်ငံတကာ စစ်ရေယာဉ်များတွေ့ဆုံပွဲ (IFR-2026)တွင် ပါဝင်ဆောင်ရွက်ခြင်း၊ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ ကျင်းပပြုလုပ်သော နိုင်ငံပေါင်းစုံ ရေတပ်လေ့ကျင့်ခန်း (MILAN-2026) ၏ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း၊ ဆိပ်ကမ်းအခြေပြုစဉ် International Maritime Seminar သို့ နိုင်ငံပေါင်း ၇၄ နိုင်ငံနှင့်အတူ တက်ရောက်ခြင်း၊ စစ်ရေယာဉ်များပေါ်သို့ အပြန်အလှန်လေ့လာလည်ပတ်ခြင်း၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်း၊ ရေအောက်နစ်မြုပ်မှု ရှာဖွေရေး ရေယာဉ်စနစ် သရုပ်ပြမှုအား သွားရောက်လေ့လာခြင်း၊ မြို့တွင်းလေ့လာရေး ခရီးသွားရောက်ခြင်း၊ နိုင်ငံတကာတပ်ဖွဲ့ဝင်များနှင့်အတူ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခြင်း၊ အရာရှိငယ်များ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်း၊ ချစ်ကြည်ရေးအားကစားပြိုင်ပွဲများ၌ ပါဝင်ဆင်နွှဲခြင်း၊ Agra မြို့နှင့် ဗုဒ္ဓဂါယာသို့ သွားရောက်ဖူးမြော်လေ့လာခြင်း၊ ညစာစားပွဲအခမ်းအနားတွင် ရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် ကပြဖျော်ဖြေရာတွင် ပါဝင်ဆင်နွှဲခြင်းများဆောင်ရွက်ခဲ့ကြပြီး နိုင်ငံတကာစစ်ရေယာဉ်များနှင့်ပူးပေါင်း၍ ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်းများတွင် ပါဝင်လေ့ကျင့်ခဲ့ကြသည်။



နိုင်ငံတကာစစ်ရေယာဉ်များတွေ့ဆုံပွဲ (IFR-2026) နှင့် နိုင်ငံပေါင်းစုံ ရေတပ်လေ့ကျင့်ခန်း (MILAN-2026) သို့ တက်ရောက်ခဲ့သည့် စစ်ရေယာဉ်(အောင်ဇေယျ) ၏ ရန်ကုန် - အိန္ဒိယ - ရန်ကုန် ခရီးစဉ်နှင့် ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်းများတွင် မောင်းနှင်ခဲ့သည့် စုစုပေါင်းရေမိုင်မှာ ၂၃၇၇ ဒသမ ၄ မိုင်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---



## ပုဗ္ဗသီရိမြို့နယ်အတွင်း အမှိုက်ကင်းစင်ရေးအတွက် စွန့်ပစ်အမှိုက်များ စုပေါင်းရှင်းလင်း

**ပုဗ္ဗသီရိ ဖေဖော်ဝါရီ ၂၈**
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၌ မြို့လုံးကျွတ် အမှိုက်ကင်းစင်သန့်ရှင်းရေးအတွက် စွန့်ပစ်အမှိုက်များစုပေါင်းရှင်းလင်းခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ရာ နေပြည်တော်ကောင်စီဝင် ဦးမင်းဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် နေပြည်တော်ကောင်စီဝင် ဦးမင်းဦး၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကကြီးကြပ်၍ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူများက မြို့နယ်အတွင်းရှိ မြို့တွင်းလမ်းမကြီးများ၏ လမ်းဘေးဝဲ၊ ယာနှင့် ရပ်ကွက်၊ ကျေးရွာများရှိ ပလတ်စတစ်စွန့်ပစ်အမှိုက်များစုပေါင်းရှင်းလင်းခြင်းနှင့် အမှိုက်မပစ်ရေး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ပုဗ္ဗသီရိမြို့နယ်အနေဖြင့် မြို့တွင်းသန့်ရှင်းသာယာလှပစေရေးအတွက် စွန့်ပစ်အမှိုက်များ စုပေါင်းရှင်းလင်းခြင်းကို စဉ်ဆက်မပြတ်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

၀-၀-၀-၀-၀

---

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၇)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| ကိုမို | ၃ | ၁ | လက်ချီ |

| ဂျာမန်ဘွန်ဒက်စလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၄)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| လေဗာကူဆင် | ၁ | ၁ | မိန့်ဇ် |
| မိုချန်ဂလာဘတ် | ၁ | ၀ | ယူနီယံဘာလင် |
| ဟော်ဖန်ဟိမ်း | ၀ | ၁ | စိန့်ပေါ်လီ |
| ဝါဒါဘရီမင် | ၂ | ၀ | ဟိုင်ဒန်ဟိမ်း |

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၄) အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| ရင်းနက်စ် | ၁ | ၀ | တူးလော့စ် |

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပခုက္ကူ ဖေဖော်ဝါရီ ၂၈**
မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ရှိ ကွန်ပျူတာတက္ကသိုလ် (ပခုက္ကူ)၌ ယနေ့နံနက် ၁၀ နာရီက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်သည်။

ဟောပြောပွဲတွင် အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(ပခုက္ကူ)မှ ဒုတိယရဲအုပ်ဝင်းလှိုင်က လူကုန်ကူးမှုဖြစ်စဉ်များနှင့် နည်းလမ်းများ၊ ဥပဒေများအကြောင်း ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ ပခုက္ကူမြို့မ စခန်းမှူး ဒုတိယရဲမှူး အောင်ကျော်စိုးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ၊ မူးယစ်ဆေးဝါး သုံးစွဲခြင်းကြောင့် ခံစားရရှိနိုင်သည့် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများ၊ အမှတ်(၁၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ပခုက္ကူ)မှ ရဲတပ်ကြပ်ကြီးသန့်ဇင်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဥပဒေများ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး လိုက်နာဆောင်ရွက်ရမည့် အချက်များအကြောင်းတို့ကို ရှင်းလင်းဟောပြောကြပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

(၃၄၀)

| ဗုန်ဒက်စလီဂါ | | | |
|---|---|---|---|

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၆) အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| ဗယ်လက်ကာနို | ၁ | ၁ | ဘီလ်ဘာအို |
| ဘာစီလိုနာ | ၄ | ၁ | ဗီလာရီးရဲလ် |

၀-၀-၀-၀

၀-၀-၀-၀-၀

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## The Devil Judge တွင် တရားသူကြီးတစ်ဦး၏ လျှို့ဝှက်ချက်ကို ရိုက်ကူးထား




ပရိသတ်အားပေးမှု IMDb 8.2 ရရှိထားသည့် The Devil Judge တွင် တရားသူကြီးတစ်ဦး၏ လျှို့ဝှက်ချက်များအကြောင်းကို ရိုက်ကူးတင်ပြထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အပြစ်ရှိသူများကို မညှာမတာ အပြစ်ပေးတတ်သည့် တရားသူကြီးတစ်ဦး၏ နောက်ကွယ်တွင် လျှို့ဝှက်ချက်တစ်ခု ကိန်းအောင်းနေကာ ပြည်သူများက သူ့ကို သူရဲကောင်းအစစ်အမှန် ဟုတ်၊ မဟုတ် ဝေခွဲမရ ဖြစ်ခဲ့ကြသည်။

သူနှင့်ပြိုင်ဘက်မှာ ဆန့်ကျင်ဘက်အနေအထားဖြစ်ပြီး သူငယ်ချင်းမှာ ရည်မှန်းချက်မြင့်မား၍ ဆင်းရဲသားအဖြစ်မှ ဒါရိုက်တာတစ်ဦးဖြစ်လာကာ ပရမ်းပတာဖြစ်နေသော တရားရေးလောကကြီးကို သူငယ်ချင်းနှစ်ဦး တရားမျှတမှုအတွက် စိန်ခေါ်၍ ပြိုင်ဘက်ကို ယှဉ်ပြိုင်ကြမည့်အကြောင်း ရိုက်ကူးတင်ဆက်ထားသည်။ အပိုင်း(၁၆)ပိုင်းနှင့် ပထမပိုင်းသည် ပရိသတ်အားပေးမှု မြင့်မားစွာရရှိထားသည်။

(SKY)

## J Hope က တစ်ကိုယ်တော်ဂီတ ကြိုးစားမှုများအကြောင်း ဝေမျှပေးထား

ဘီတီအက်စ်အဖွဲ့ဝင် ဂျေဟုတ်(ခေါ်)မင်ယွန်းဂီက ၂၀၂၂ ခုနှစ်မှစ၍ တစ်ကိုယ်တော်ဂီတလုပ်လာခဲ့ရာ ပင်ပန်းသော်လည်း ပရိသတ်အတွက် ကြိုးစားထားသည့် အကြောင်း ဝေမျှပေးထားသည်။

အဖွဲ့ဝင်ခုနစ်ယောက်နှင့် ဘီတီအက်စ်အဖွဲ့မှာ အောင်မြင်မှုရရှိခဲ့ပြီး တစ်ကိုယ်တော်ဂီတနှင့်လည်း တစ်ဦးချင်းစီ အောင်မြင်ခဲ့ကြရာမှ ဂျေဟုတ်က သူ၏တစ်ကိုယ်တော်ဂီတ ကြိုးစားမှုများ အကြောင်း ဝေမျှပေးထားသည်။



ရှည်လျားသောအကျိုးသက်ရောက်မှုများရှိသည့်လုပ်ငန်းစဉ်များကို စဉ်းစား၍ အနာဂတ်ခြေလှမ်းကို ချဉ်းကပ်ရာတွင် လုံလောက်သည့်အချိန်နှင့် ၂၀၂၂ ခုနှစ်မှ စတင်ခဲ့ကာ နေမကောင်းဖြစ်ချိန်တွင်ပင် ပရိသတ်အတွက် ယုံကြည်မှုများနှင့် ပိုမိုသန်မာလာခဲ့သည်။

ချီကာဂိုတွင် Lollapalooza အချိန်ဇယားနှင့် အချိန်ကုန်ဆုံးအောင် ကြိုးစားမှုပြုလုပ်မည်ဖြစ်ပြီး အချိန်ကုန်သလောက် သူ့အတွေ့အကြုံများကို အကောင်းဆုံးချပြသွားမည်ဟု ဝေမျှပေးထားသည်။

(SKY)

## Cortis ဂီတအဖွဲ့ကို Big Hit က မွေးထုတ်ပေးခဲ့

ဘစ်ဟစ်အင်တာတိန်းမင့်သည် ဘီတီအက်စ်၊ တီအိပ်စ်တီတို့ကို မွေးထုတ်ပေးခဲ့ပြီး ကမ္ဘာထိုးဖောက်မည့်အဖွဲ့သစ် Cortis ကို မိတ်ဆက်ပေးခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဖွဲ့ဝင် ငါးဦးနှင့် အဆိုပါကေပေါ့ပ်အဖွဲ့သည် ချောမောသောလူငယ်လေးများကြောင့် သီချင်းမထွက်မီ ရေပန်းစားနေကာ၊ ဘစ်ဟစ်မှ မွေးထုတ်ပေးခဲ့သည့် ဘီတီအက်စ်နှင့် တီအိပ်စ်တီတို့ အပြင် အမျိုးသားအဖွဲ့ Cortis ကိုပါ ပွဲထုတ်လာခဲ့သည်။

အဖွဲ့ဝင်ငါးဦး ဖြစ်ကြသည့် မာတင်းမှာ (၁၇)နှစ်၊ ဂျိမ်းစ်မှာ (၁၉)နှစ်၊ ကင်ဂျူဟွန်မှာ (၁၇)နှစ်၊ ဆောင်ဟေအွန်နှင့် ကွမ်ဟိုမှာ(၁၆)နှစ်စီရှိကြပြီး ချောမောသောရုပ်ရည်နှင့် ဂီတစွမ်းရည်သစ်များ ပိုင်ဆိုင်ထားကြရာ ပရိသတ်ကြား ရေပန်းစားနေကြပြီး မကြာမီ ပရိသတ်ရှေ့မှောက် ရောက်ရှိလာကြမည်ဖြစ်သည်။ (SKY)






## Zayn Malik နှင့် Jisoo ကို ဂီတပူးပေါင်းမှုတွေ့ရ

ကမ္ဘာကျော် One Direction အဖွဲ့ဝင် ဂျန်မာလိခ်နှင့် ဘလက်ပင့်ခ်အဖွဲ့ဝင် ဂျီဆိုတို့ ဂီတပူးပေါင်းတင်ဆက်မှုကို တွေ့ရမည်ဖြစ်၍ ပရိသတ်စိတ်ဝင်စားနေကြကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျီဆို၏တစ်ကိုယ်တော်ဂီတတွင် One Direction အဖွဲ့ဝင် ဂျန်မာလိခ်နှင့်အတူ ဂီတပူးပေါင်းတင်ဆက်မည်ဖြစ်ပြီး ပရိသတ်စိတ်ဝင်စားခဲ့ကြရာ ဂျီဆို၏ Earthquake မှာလည်း အောင်မြင်မှုရရှိထားခဲ့ရာ သူတို့နှစ်ဦး ပူးပေါင်းမှုကို စောင့်မျှော်နေကြသည်။

ကေပေါ့ပ်အနုပညာရှင်များက အနောက်တိုင်း နာမည်ကြီးဂီတအနုပညာရှင်များနှင့် ပူးပေါင်းမှုများ ပြုလုပ်ထားကြရာ အောင်မြင်မှုအကြီးအကျယ် ရရှိခဲ့ကြပြီး ဂျီဆိုက One Direction အဖွဲ့ဝင် ဂျန်မာလိခ်နှင့် ဖျော်ဖြေမှုမှာ မည်သည့် အတိုင်းအတာထိ အောင်မြင်မည်ကို ပရိသတ်စောင့်ကြည်နေကြသည်။

(SKY)

## အဝေးမှုန်ခြင်းကို ကပ်ရောဂါတစ်ခုအသွင်အဖြစ် သတ်မှတ်လာကြ

အဝေးမှုန်ခြင်းသည် အဝေးရှိအရာဝတ္ထုများကို ဝေဝါးစွာမြင်ရစေသည့် အခြေအနေဖြစ်ပြီး ယခုအခါ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါတစ်ခုအသွင်အဖြစ် သတ်မှတ်လာကြသည်။

မျိုးရိုးဗီဇသည် ဖြစ်နိုင်ခြေအပေါ် သက်ရောက်မှုရှိသော်လည်း မျိုးဆက်အနည်းငယ်အတွင်း ဖြစ်ပွားမှုနှုန်း အရှိန်အဟုန်ဖြင့် မြင့်တက်လာခြင်းက ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များတွင်လည်း အဓိကအခန်းကဏ္ဍမှပါဝင်နေကြောင်း ခိုင်ခိုင်မာမာ ညွှန်ပြနေသည်။

အဝေးမှုန်ခြင်းကို တိရစ္ဆာန်များတွင် အမြင်အာရုံ ပိတ်ဆို့ဖြတ်တောက်ခြင်း(သို့မဟုတ်)အနုတ်မှန်ဘီလူးများ အသုံးပြုခြင်းဖြင့် သက်သာစေနိုင်ပြီး သိပ္ပံပညာရှင်များက ထိုနည်းလမ်းများသည် မတူညီသော အာရုံကြောဆိုင်ရာ လုပ်ဆောင်ချက်ယန္တရားများနှင့် သက်ဆိုင်သည်ဟု ယုံကြည်ကြသည်။

မျက်စိကျန်းမာရေးပညာရှင်များသည် အဝေးမှုန်နှုန်း ပိုမိုဆိုးရွားမလာစေရန် နည်းလမ်းမျိုးစုံကို အသုံးပြု၍ ဟန့်တားလျက်ရှိရာ ထိုနည်းလမ်းများက သီးခြားလမ်းကြောင်းများမှတစ်ဆင့် အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း သိရသည်။ (SCI)

## Xiao Zhan ၏ Music All Night သီချင်း ပရိသတ်ကို လွှမ်းမိုးနိုင်ခဲ့

တရုတ်အနုပညာရှင် ရှောင်းကျန့်သည် Greater Bay Area Gala ပွဲတွင် ကျင်းပခဲ့သည့် စတိတ်စင်ပေါ်၌ Music All Night သီချင်းဖြင့် ဖျော်ဖြေခဲ့ရာ ကမ္ဘာ့ပရိသတ်ကို လွှမ်းမိုးနိုင်ခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရှောင်းကျန့်နာမည်နှင့်ပတ်သက်၍ ကျော်ကြားမှုများတွင် Doyin Index နှင့် BaidIndex တို့တွင် နံပါတ်(၁)နေရာ၊ has-hag နှင့် Xiao Hong Shu တွင် နံပါတ်(၆)နေရာ၊ ကမ္ဘာလုံးဆိုင်ရာ လွှမ်းမိုးမှုတွင် Top-12 ဝင်ခဲ့သည်။

တရုတ်သတင်း၊ ဟောင်ကောင်မီဒီယာနှင့် သတင်းစာစသည့် နိုင်ငံပိုင်မီဒီယာများမှ အကျယ်တဝင့် ဖော်ပြခံရပြီး People Daily မှလည်း ရွေးချယ်ခံရကာ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ China Screen Magazine စာမျက်နှာတွင် ဖော်ပြထားပြီး ပရိသတ်များက သီချင်းကို ပရိဆန့်စွာသီဆိုထား၍ အံ့အားတသင့် ဖြစ်ခဲ့ကြသည်။(SKY)



## Bae Suzy ၏ Genie Make a Wish တွင် နာမည်ကြီးအနုပညာရှင်များ ပါဝင်ထား

အဆိုတော် သရုပ်ဆောင် ဘေးဆူဇီနှင့် ဝမ်ဘင်းတို့ ပါဝင်ထားသည့် Genie Make a Wish တွင် နာမည်ကြီးသရုပ်ဆောင်များ ဧည့်သည်တော်အဖြစ် ပါဝင်ထားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ပရိသတ်အချစ်တော်မင်းသား ဝမ်ဘင်းသည် နှစ်များစွာကြာမှ အနုပညာလောကသို့ တစ်ကျော့ပြန်လာ၍ ပရိသတ်စိတ်ဝင်စားမှု မြင့်မားနေသည်။

အဆိုပါဇာတ်ကားတွင် ဧည့်သည် သရုပ်ဆောင်များအဖြစ် ဆောင်းဟေကို၊ ကင်ဂျီဟွန်းနှင့် စပိုင်ချစ်သူမင်းသား ဒင်နီရယ်ဟန်နီတို့ ပါဝင်ထားကြသည်။

ယင်းကို Netflix မှ ထုတ်လွှင့်ပြသမည်ဖြစ်ပြီး အောက်တိုဘာလဆန်းပိုင်းတွင် ထွက်ရှိခဲ့သည့်အတွက် ပရိသတ်တစ်ခဲနက် အားပေးထားကြသည်။ (SKY)



# အမေရိကန်နှင့်အစ္စရေးတို့က အီရန်ကို စတင်တိုက်ခိုက်

## အရှေ့အလယ်ပိုင်းရှိ အမေရိကန်စခန်းများကို အီရန်တုံ့ပြန်ပစ်ခတ်




**ဝါရှင်တန် ဖေဖော်ဝါရီ ၂၈**

အစ္စရေးနိုင်ငံအပေါ် ခြိမ်းခြောက်မှုကိုဖယ်ရှားရန်အတွက် အီရန်ကို လက်ဦးမှုယူကာ တိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးက ပြောသည်။

တိုက်ခိုက်မှုစတင်ပြီးနောက် အစ္စရေးကာကွယ်ရေးဝန်ကြီး အစ္စရေးကတ်ဇ်က အထူးအရေးပေါ် အခြေအနေအဖြစ် ကြေညာခဲ့သည်။

အမေရိကန်တပ်ဖွဲ့သည် ကြီးမားသည့် စစ်ဆင်ရေးကိုပြုလုပ်နေသည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၎င်း၏ဆိုရှယ်မီဒီယာ ပလက်ဖောင်းဖြစ်သည့် Truth Social တွင် ပြောကြားခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရန်ဒုံးကျည်များနှင့် ၎င်းတို့၏ ဒုံးကျည်လုပ်ငန်းများကို ဖျက်ဆီးရန်ကြီးမားသည့် တိုက်ခိုက်မှုကြီးလုပ်ဆောင်လျက်ရှိကြောင်း သမ္မတဒေါ်နယ်ထရမ့်က ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် ပြောကြားခဲ့သည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုကလည်း အီရန်ကြောင့်ဖြစ်ပေါ်လာမည့် ခြိမ်းခြောက်မှုကိုဖယ်ရှားရန် အစ္စရေးနှင့်အမေရိကန်တို့သည် စစ်ဆင်ရေးတစ်ရပ် စတင်လုပ်ဆောင်ခဲ့ကြောင်း ဗီဒီယိုတစ်ခုတွင် ထုတ်ပြန်ခဲ့သည်။ အီရန်နိုင်ငံကို နျူကလီးယားလက်နက်ပိုင်ဆိုင်ခွင့် မပြုဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အီရန်နိုင်ငံ၏ အစ္စလာမ့်စ်တော်လှန်ရေးအစောင့်တပ်ကလည်း အီရန်နိုင်ငံသည် အစ္စရေးသို့ဦးတည်ကာ ဒုံးကျည်တိုက်ခိုက်မှု၊ ဒရုန်းတိုက်ခိုက်မှုများဖြင့် ပြန်လည်တိုက်ခိုက်မှု စတင်လိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ အီရန်ဘက်မှ အစ္စရေးသို့ဦးတည်ကာ ဒုံးကျည်အများအပြားပစ်လွှတ်လိုက်ကြောင်းလည်း အစ္စရေးက ပြောသည်။

အရှေ့အလယ်ပိုင်းဒေသမှ ကူဝိတ်၊ ယူအေအီး၊ ကာတာနှင့် ဘာရိန်းနိုင်ငံတို့ရှိ အမေရိကန်အခြေစိုက်စခန်းများရှိရာ နေရာများသို့ ပစ်မှတ်ထား၍ ဒုံးကျည်များဖြင့် တိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း အီရန်နိုင်ငံပိုင်မီဒီယာတွင် ဖေဖော်ဝါရီ ၂၈ ရက်က ဖော်ပြထားသည်။ ဒေသတွင်းရှိ အမေရိကန်အခြေစိုက်စခန်းများကို ယခုအခါ အီရန်၏ တရားဝင်ပစ်မှတ်များအဖြစ် သတ်မှတ်ထားကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘတ်စ်အာရက်ဂ်ချီက ပြောသည်။ ဘာရိန်းနိုင်ငံရှိ အမေရိကန် ပဉ္စမရေယာဉ်စု၏ ဝန်ဆောင်မှုစင်တာကို ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခံရကြောင်း ဘာရိန်းအမျိုးသားဆက်သွယ်ရေးစင်တာက ပြောသည်။

ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ

---

## တောင်ကိုရီးယားနိုင်ငံ သမ္မတ လီဂျေမြောင် စင်ကာပူနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်မည်



**စင်ကာပူ ဖေဖော်ဝါရီ ၂၈**

တောင်ကိုရီးယားနိုင်ငံ သမ္မတ လီဂျေမြောင်သည် စင်ကာပူနိုင်ငံသို့ မတ် ၁ ရက်မှ ၂ ရက်အထိ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်အဖြစ် လာရောက်မည်ဟု စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သုံးရက်ကြာမြင့်မည့် အဆိုပါခရီးစဉ်သည် စင်ကာပူသမ္မတ သာမန် ရှန်မူဂရတ်နမ်၏ ဖိတ်ကြားချက်အရ လာရောက်ရန်စီစဉ်ခြင်းဖြစ်ပြီး သမ္မတ လီနှင့် အတူ သမ္မတကတော် ကင်ဟယ်ကျောင်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများလည်း လိုက်ပါလာမည်ဖြစ်သည်။

သမ္မတ လီ၏ ယခုခရီးစဉ်သည် စင်ကာပူနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့အကြား ခိုင်မာသော ဆက်ဆံရေးကို အတည်ပြုဖော်ပြနေပြီး ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် စတင်ခဲ့သည့် နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး၏ တိုးတက်မှုဖြစ်စဉ်များကို ပြန်လည်သုံးသပ်ရန်အတွက် အချိန်ကိုက် အခွင့်အရေးတစ်ရပ် ဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

Mon

---

# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ

## ပါကစ္စတန်က အာဖဂန်နစ္စတန်မြို့များကို ဗုံးကြဲတိုက်ခိုက်ပြီးနောက် တာလီဘန်ခေါင်းဆောင်များက ဆွေးနွေးညှိနှိုင်းရန် ဆန္ဒရှိနေ

**ကဘူးလ် ဖေဖော်ဝါရီ ၂၈**

ပါကစ္စတန်နိုင်ငံက အာဖဂန်နစ္စတန်နိုင်ငံရှိ အဓိကမြို့ကြီးအချို့ကို ဗုံးကြဲတိုက်ခိုက်ခဲ့ပြီးနောက် အာဖဂန်တာလီဘန်ခေါင်းဆောင်များက ဆွေးနွေးညှိနှိုင်းရန် ဆန္ဒရှိသည်ဟု ကမ်းလှမ်းပြောကြားခဲ့ကြောင်း သိရသည်။

ပါကစ္စတန်ဖက်က ဖေဖော်ဝါရီ ၂၇ ရက်တွင် အာဖဂန်မြို့တော် ကဘူးလ်၊ တာလီဘန်ခေါင်းဆောင်များ အခြေစိုက်ရာ ကန်ဒါဟာမြို့နှင့် အခြားမြို့များကို တိုက်ခိုက်ခဲ့ပြီး နယ်စပ်တစ်လျှောက်တွင်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ နှစ်ဖက်စလုံးတွင် ထိခိုက်ကျဆုံးမှု အများအပြားရှိကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

ပါကစ္စတန် ကာကွယ်ရေးဝန်ကြီး ခါဝါဂျာအာဆစ်ဖ်က တာလီဘန်အစိုးရနှင့် အလုံးစုံထိပ်တိုက်ရင်ဆိုင်မှု ဖြစ်ပွားနေပြီဟု ကြေညာခဲ့ပြီး ၎င်း၏လူမှုကွန်ရက်စာမျက်နှာတွင် ယခုပွင့်လင်းစစ်ပွဲ ဖြစ်ပွားနေပြီဟုပင် ရေးသားထားသည်။

အာဖဂန်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလာမူဂျာဟစ်ကမူ အကြမ်းဖက်မှုများကို အဆုံးသတ်ရန်အတွက် တာလီဘန်ခေါင်းဆောင်များအနေဖြင့် ပါကစ္စတန်နှင့် ဆွေးနွေးညှိနှိုင်းရန် အသင့်ရှိနေသည်ဟု ပြောကြားကြောင်း သိရသည်။

Mon

---

## နှစ်နိုင်ငံနှင့် ဆက်ဆံရေးပြန်လည်ကောင်းမွန်လာစေရန် မာ့ခ်ကာနေး အိန္ဒိယသို့ အလည်အပတ်ရောက်ရှိနေ



**ဒေလီ ဖေဖော်ဝါရီ ၂၈**

ဝန်ကြီးချုပ် မာ့ခ်ကာနေးသည် အမေရိကန်အပေါ် ကုန်သွယ်ရေးမှီခိုနေရမှုကို လျှော့ချရန် ကြိုးပမ်းနေသည့် ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံနှင့် ဆက်ဆံရေးပြန်လည်ကောင်းမွန်လာစေရန်ရည်ရွယ်သည့် အရေးကြီးသော ခရီးစဉ်တစ်ခုအဖြစ် အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဝန်ကြီးချုပ် ကာနေးသည် ၎င်း၏ခရီးစဉ်ကို မွန်ဘိုင်းမြို့မှ စတင်ခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။ ထို့နောက် ၎င်းသည် နယူးဒေလီမြို့သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ပြီး ဝန်ကြီးချုပ် နာရင်ဒရာမိုဒီနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

ကနေဒါနိုင်ငံသား ဆစ်ခ်ခွဲထွက်ရေးသမားတစ်ဦးကို အိန္ဒိယက ကနေဒါမြေပေါ်တွင် တရားလက်လွတ် လုပ်ကြံသတ်ဖြတ်ခဲ့သည်ဟူသော စွပ်စွဲချက်ကြောင့် နှစ်နိုင်ငံဆက်ဆံရေးမှာ ပြိုကွဲခဲ့ရသည်။

ယင်းစွပ်စွဲချက်ကို အိန္ဒိယဘက်က ပြင်းပြင်းထန်ထန် ငြင်းဆိုခဲ့သော်လည်း ယခုခရီးစဉ်သည် ထိခိုက်ခဲ့သည့် နှစ်နိုင်ငံဆက်ဆံရေးကို သိသာစွာပြန်လည်ကောင်းမွန်လာစေမည့် အခြေအနေတစ်ရပ်ဖြစ်ကြောင်း သိရသည်။

Mon

---

## ကော်လာဂျင် အားဖြည့်ပစ္စည်းများကို နေ့စဉ်သောက်သုံးခြင်းက အရေပြားအရေးအကြောင်းဖြစ်ပေါ်မှုကို တားဆီးနိုင်မည်မဟုတ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၈**

ကော်လာဂျင် အားဖြည့်ပစ္စည်းများကို နေ့စဉ်သောက်သုံးခြင်းသည် အရေပြား၏ ကျုံ့ဆန့်နိုင်စွမ်းနှင့် ရေဓာတ်ဖြည့်တင်းမှုကို မြှင့်တင်ပေးခြင်းဖြင့် အရေပြားကို ပြန်လည်နုပျိုစေနိုင်သော်လည်း အရေးအကြောင်းဖြစ်ပေါ်မှုကိုမူ တားဆီးနိုင်မည်မဟုတ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ကျွမ်းကျင်သူများသည် ရရှိနိုင်သော အထောက်အထားများကို လေ့လာဆန်းစစ်ခဲ့ကြပြီး ကော်လာဂျင်ဆေးတောင့်များ သို့မဟုတ် အမှုန့်များကို အချိန်ကြာမြင့်စွာ သောက်သုံးပါက အရေပြားအတွက် အမှန်တကယ် အကျိုးကျေးဇူး အချို့ရရှိနိုင်သည်မှာ များစွာစိတ်ချရသော်လည်း ၎င်းသည် ချက်ချင်းလက်ငင်း ထိရောက်သည့် ကုထုံးမျိုးမဟုတ်ကြောင်း ပြောကြားသည်။



လူပေါင်း ၈၀၀၀ နီးပါး ပါဝင်သော စမ်းသပ်မှုပေါင်း ၁၁၃ ခုမှ ရလဒ်များအရ အဆိုပါ အားဖြည့်ပစ္စည်းများသည် ခန္ဓာကိုယ်၏ ပွန်းပဲ့ထိခိုက်မှုများ၊ အဆစ်ရောင်နာကျင်မှုများနှင့် အဆစ်အမြစ်တောင့်တင်းမှုများကိုလည်း သက်သာစေနိုင်သည်ဟု ဆိုသည်။

ကော်လာဂျင်သည် ခန္ဓာကိုယ်အတွင်း သဘာဝအလျောက် ထုတ်လုပ်ပေးသော ပရိုတင်းတစ်မျိုးဖြစ်သော်လည်း အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ လျော့နည်းသွားလေ့ရှိသည်။ ၎င်းသည် အရေပြား၊ လက်သည်း၊ အရိုးများနှင့် အရွတ်များအပါအဝင် တွယ်ဆက်တစ်ရှူးများကို ထောက်ကူပေးခြင်းနှင့် သန်မာစေခြင်းတို့ကို ပြုလုပ်ပေးကြောင်း သိရသည်။

Mon

၀-၀-၀-၀-၀-၀

STOP AIDS

# ဘဝအဖော်မွန်စက်ရုပ်များနှင့် ယနေ့ကမ္ဘာ

မကြာသေးမီက လူသားနှင့်တူလွန်းလှသည့် ကမ္ဘာ့ပထမဆုံး ဇီဝမိတ္တူပွားစက်ရုပ် (လက်တွဲဖော်စက်ရုပ်) Moya အား တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့ရှိ Droid Up စက်ရုပ်နည်းပညာကုမ္ပဏီမှ တီထွင်ဖန်တီးနိုင်ခဲ့ပြီးဖြစ်၍ အများပြည်သူအား လူသားပုံစံတူစက်ရုပ်တစ်ရုပ်ကို မိတ်ဆက်ပြသလိုက်ပါသည်။ အဆိုပါစက်ရုပ်သည် လမ်းလျှောက်နိုင်ပါသည်။ လူများနှင့် မျက်လုံးချင်းဆုံနိုင်ပါသည်။ ပြုံးပြနိုင်ပြီး သိမ်မွေ့သည့် မျက်နှာအမူအရာများကိုပါ လုပ်ပြနိုင်ပါသည်။ အဓိကမှာလူသားအား အဖော်မွန်လက်တွဲဖော်အဖြစ် ဆောင်ရွက်ပေးနိုင်သောစက်ရုပ်ဖြစ်သည်။ ကမ္ဘာ့ပထမဆုံး ဇီဝမိတ္တူပွား (Biomimetic) စက်ရုပ်ဖြစ်ပြီး AI နည်းပညာကို အသုံးပြုထားခြင်းကြောင့် တကယ့်လက်တွေ့ကမ္ဘာမှာ မြင်နိုင်၊ တွေးခေါ်နိုင်ပြီး လှုပ်ရှားဆောင်ရွက်နိုင်ပါသည်။

Moya သည်အရပ် ၅.၅ ပေ (၁.၆၅ မီတာ) မြင့်ပြီး အလေးချိန် ၃၂ ကီလိုဂရမ်ရှိခြင်းကြောင့် လူတစ်ယောက်၏ ခန္ဓာကိုယ်အချိုးအစားနီးပါးရှိပါသည်။ ခန္ဓာကိုယ်ပါရှိသည်။ AI (embodied AI) နည်းပညာကို သုံးထားခြင်းကြောင့် ပတ်ဝန်းကျင်ကို မြင်နိုင်၊ တွေးနိုင်ပြီး တုံ့ပြန်ဆောင်ရွက်ပေးနိုင်ခြင်းလည်း ရှိပါသည်။ ထို့အပြင် ပို၍သက်ရှိဆန်စေရန်အတွက် ကိုယ်အပူချိန်ကို ၃၂ မှ ၃၆ ဒီဂရီစင်တီဂရိတ်အထိ ထိန်းထားနိုင်အောင်လည်း ဖန်တီးထားပါသည်။ Droid Up ကုမ္ပဏီ၏ အဆိုအရ Moya သည် လူများ၏ မျက်နှာအမူအရာများကို တုပနိုင်၍ ၉၂ ရာခိုင်နှုန်းခန့်ပင် လူနှင့်တူအောင် လမ်းလျှောက်နိုင်သည်ဟု ဆိုထားပါသည်။ သို့သော် အချို့သောလှုပ်ရှားမှုများက သဘာဝသိပ်မကျသေးပါ။ လိုအပ်ချက်များစွာ ရှိနေပါသေးသည်။ ကုမ္ပဏီအနေဖြင့် အဆိုပါစက်ရုပ်ကို ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး လုပ်ငန်းများနှင့် နေ့စဉ်သုံး အဖော်မွန်အဖြစ် အသုံးပြုသွားရန် ရည်ရွယ်ထားသည်ဟု သိရှိရပါသည်။

လူအများမှ Moya ၏ သက်ရှိဆန်လွန်းသည့် ပုံစံကို အထင်ကြီးနေကြသော်လည်း အချို့ကတော့ နည်းနည်းကြောက်စရာကောင်းသည်ဟု မြင်ကြဆဲဖြစ်ပါသည်။ အဆိုပါဖြစ်စဉ်ကို "Uncanny Valley" ဟုခေါ်ပြီး စက်ရုပ်များက လူနှင့်ဆင်တူသော်လည်း လုံးဝကြီးမတူတတူဖြစ်နေသည့်အခါ လူများဆီ၌ ဖြစ်ပေါ်လာတတ်သည့် စိတ်မသန့်ချင်စရာခံစားချက်မျိုးဖြစ်ပါသည်။ Moya ၏ ထူးခြားချက်မှာ ကိုင်လိုက်လျှင် အေးစက်စက် သံပတ်ရုပ်ကြီးကဲ့သို့မဟုတ်ဘဲ ၉၀ ဒီဂရီ ဖာရင်ဟိုက်ခန့်ရှိသည့် နွေးထွေးသည့်အသားအရေမျိုးရှိနေသည့်အပြင် အထဲမှာ နံရိုးများ အသားလိုမျိုး အိအိတုံ့တုံ့အဖတ်များပါ ထည့်ထားပေးသည်ဆိုသဖြင့် ဖက်ထားလျှင်တောင် လူနှင့် အတော်လေးဆင်နေမည်ဖြစ်ပါသည်။ ဆံပင်ပုံစံလည်း ပြောင်းလို့ရသလို ကျား၊ မ စိတ်ကြိုက်လည်း ရွေးလို့ရသဖြင့် အိပ်မက်ထဲက ချစ်သူကို စက်ရုံသို့ အော်ဒါမှာလိုက်ရုံသာဖြစ်သည်ဟု ဆိုသည်။ မျက်နှာပေါ်၌လည်း မော်တာ အခု ၂၀ ကျော်တပ်ထားသဖြင့် မျက်စိမှိတ်ပြခြင်း၊ ပြုံးပြခြင်းများလည်း လုပ်နိုင်ပါသေးသည်။ ဈေးနှုန်းမှာ မနည်းလှသော်လည်း တစ်ကိုယ်တည်းအထီးကျန်ခြင်းကို ဖြေဖျောက်ရန်အတွက် သိန်းသောင်းချီအကုန်ခံနိုင်သည့်သူများ သို့မဟုတ် ပိုက်ဆံအရမ်းပေါသည့် ဆေးရုံများအတွက် ရည်ရွယ်ထားသည်ဟုလည်း ကုမ္ပဏီဘက်မှဆိုပါသည်။ အချို့ကလည်း လူနှင့် အရမ်းတူလွန်းသဖြင့် ကြောက်ဖို့ကောင်းသည်ဟု ပြောနေကြသော်လည်း "သေချာသည်က ဒီစက်ရုပ်က ခင်ဗျားတို့ကိုပြန်ပြီး ရန်မတွေ့ဘူး။ စိတ်မကောက်ဘူးဆိုတာကတော့ သေချာပါသည်" ဟု ဆိုသည်။

Moya ကို ၂၀၂၆ ခုနှစ်အကုန်ခန့်တွင် ဈေးကွက်ထဲ စတင်ရောင်းချရန်ရှိသည်ဟုလည်း အဆိုပါ ကုမ္ပဏီမှကြေညာထားပါသည်။ ကနဦးရောင်းဈေး ယွမ် ၁.၂ သန်း (ဒေါ်လာ ၁၇၃၀၀၀) ခန့် ရှိမည်ဖြစ်၍ မြန်မာငွေဖြင့် သိန်း ၆၀၀၀ နှင့်အထက် ဖြစ်နိုင်ပါသည်။ လူနှင့်တစ်ပုံစံတည်းကြီးမတူသေးသော်လည်း Moya လို အဖော်မွန်စက်ရုပ်သည် နှစ်သိမ့်ဖော်စက်ရုပ် ခေတ်တစ်ခု၏အစ ဖြစ်လာနိုင်ပါသည်။ အထီးကျန်ဆန်မှုများ ပိုများပြားလာသည့် ဤကမ္ဘာတွင် နှစ်သိမ့်ဖော်စက်ရုပ်များသည် ရောမဈေးကွက်ကြီးတစ်ခု ဖြစ်မလာနိုင်ဘူးဟုလည်း မပြောနိုင်သေးသော အခြေအနေလည်းဖြစ်ရာ စောင့်ကြည့်ကြရဦးမည့် အခြေအနေလည်းဖြစ်သည်။

အထက်ဖော်ပြပါ Moya နှင့်အလားတူ ပခုံးထိ ရှည်လျားသော ဆံပင်၊ ဒေါက်မြင့်ဖိနပ်၊ အသားကပ်ဝတ်စုံ၊ စိုပြည်တင်းရင်းသော မိတ်ကပ်လိမ်းခြယ်မှုဖြင့် ရောင်ချီသည် ကုန်စည်ပြပွဲခန်းမတွင် ကြော့မော့လှပစွာ မတ်တတ်ရပ်လျက် မေးခွန်းမြောက်မြားစွာကိုဖြေဆိုရန် အသင့်စောင့်ဆိုင်းနေသည်။

ကြင်ကြင်နာနာဖြင့် မျှဝေတတ်ပြီး အသိပညာကြွယ်ဝသော ရောင်ချီသည် လူသားတစ်ယောက်တော့ မဟုတ်ပါ။ စက်ရုပ်တစ်ရုပ်သာ ဖြစ်ပါသည်။ ၎င်းသည် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း၊ တာ့လျင်မြို့ အခြေစိုက် Ex-Robots ကုမ္ပဏီက တီထွင်ထုတ်လုပ်ထားသော လူသားသဏ္ဍာန်တူစက်ရုပ်တစ်ရုပ်ဖြစ်ကာ ဉာဏ်ရည်တုနှင့် စက်ရုပ်တီထွင်မှုများ၏ အဆင့်မြင့်တက်လာမှုများက စက်ပစ္စည်းများကို ဝတ္ထုစာမျက်နှာများ၊ ရုပ်ရှင်ဖန်သားမျက်နှာပြင်များမှသည် လက်တွေ့အကောင်အထည်ဖော် အသုံးပြုနိုင်သည်အထိ ဆောင်ကြဉ်းပေးနိုင်ခဲ့ပြီဖြစ်သည်။ တရုတ်နိုင်ငံမြောက်ပိုင်း ထျန်းကျင်းမြို့တွင် ၂၀၂၄ ခုနှစ်၊ ဇွန် ၂၀ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့သော ၂၀၂၄ ခုနှစ် ကမ္ဘာ့ဉာဏ်ရည်တုကုန်စည်ပြပွဲတွင် စက်ရုပ်မလေး ရောင်ချီကို လူစိတ်ဝင်စားမှုများပြားခဲ့ကြောင်း Xinhua သတင်းဌာနကလည်း ဖော်ပြခဲ့ဖူးပါသည်။

အလားတူ အဖော်မွန်စက်ရုပ် ထုတ်လုပ်တော့မည့်သတင်းနှင့်ပတ်သက်၍ အီလွန်မက်အပါအဝင် အီလွန်မက်၏ကုမ္ပဏီက ငြင်းဆိုတာမျိုး မလုပ်သော်လည်း အီလွန်မက်ပိုင် Telsa ကုမ္ပဏီ၏ AI & Robotics နည်းပညာနှင့်ပတ်သက်ပြီး ဆောင်ရွက်နေသည့် ဆောင်ရွက်ချက်များကို ဖော်ပြရာတွင် ကုမ္ပဏီသည် လူသားများအတွက် ငြီးငွေ့ဖွယ် ထပ်ခါတလဲလုပ်ရသည့် အလုပ်များနှင့် ဘေးကင်းလုံခြုံမှုမရှိသည့် အလုပ်များတွင် လူများအစားလုပ်ရန် စက်ရုပ်များကို ဖန်တီးနေသည်ဟု ရေးသားဖော်ပြထားပါသည်။ Telsa အနေဖြင့် အချို့သောနေရာများမှာ လူများကို အစားထိုးနိုင်မည့် စက်ရုပ်များကို ဒေါ်လာ နှစ်သောင်းဝန်းကျင်ခန့်နှင့် အမြောက်အမြားထုတ်လုပ်ရန်ရှိပါသည်ဟု ၂၀၂၂ ခုနှစ်ကတည်းက ကြေညာခဲ့ဖူးသော်လည်း ယခုသတင်းသည် ၂၀၂၅ ခုနှစ်၊ မေလ ၁၇ ရက်က ရှယ်ယာရှင်တွေ့ဆုံပွဲ၌ စက်ရုပ်များ၏စွမ်းဆောင်ရည်ကို ထုတ်ဖော်ပြသခဲ့ပြီးနောက်ပိုင်းတွင်မှ ယခုလို ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာခြင်းလည်း ဖြစ်ပါသည်။ သို့သော် အဆိုပါပြပွဲ၌ အမျိုးသမီးစက်ရုပ်အား ပြသခြင်းမျိုး မပါဝင်ခဲ့သေးပါ။

အထက်ပါ အချက်အလက်များအရ အီလွန်မက်မှ အမျိုးသမီးစက်ရုပ်ကို နမ်းနေသည့်ပုံသည် AI နည်းပညာ အသုံးပြုဖန်တီးထားခြင်းသာဖြစ်နိုင်ပြီး အီလွန်မက်ပိုင် Telsa ကုမ္ပဏီသည် ၃ နာရီအားသွင်းရုံနှင့် တစ်လသုံးလို့ရမည့် စက်ရုပ်ဇနီးသည်များကို ဖြန့်ချိတော့မည်ဆိုသည်မှာ ယနေ့အထိမဖြစ်နိုင်သေးသော်လည်း မကြာမီဖြစ်လာနိုင်ဖွယ်လည်း ရှိနေပါသည်။ ထိုသို့ စက်ရုပ်အဖော်မွန်များ တီထွင်လာနိုင်ခြင်းဖြင့် နောက်ဆယ်စုနှစ် အနည်းငယ်အတွင်း၌ အမျိုးသားထုကြီးအတွက် ထိတ်လန့်စရာဖြစ်လာတော့မည်။ ၂၀၅၀ ပြည့်နှစ်တွင် အမျိုးသမီးများသည် အမျိုးသားများထက် စက်ရုပ်များနှင့်လက်တွဲဖော်ဆက်ဆံမှုများ ပိုများလာတော့မည်ဟု အနာဂတ်ဟောကိန်းထုတ်သည့် ပညာရှင်ဒေါက်တာ Ian Pearson ကလည်း မကြာခင်က ခန့်မှန်းပြောကြားထားပါသည်။

စက်ရုပ်များတွင် AI ဟုခေါ်သည့် ဉာဏ်ရည်တုနည်းပညာပါလာကြသည့်အတွက် လူသားများနှင့် အလွန်ပင်တူလာကြပြီဖြစ်ပါသည်။ စက်ရုပ်များတွင် လူများအတိုင်း စိတ်ခံစားမှုများ ပါလာကြမည်ဖြစ်ပါသည်။ ထို့ကြောင့်ပင် အမျိုးသမီးများသည် စက်ရုပ်များနှင့် လက်တွဲဖော်ဆက်ဆံမှု ပိုများလာမည်ဟုလည်း အဆိုပါပညာရှင်က ဆက်လက်၍ဟောကိန်းထုတ်ထားပါသည်။ AI နှင့် စက်မှုနည်းပညာ တိုးတက်ဖွံ့ဖြိုးလာမှုကြောင့် အမျိုးသမီးများသည် သမားရိုးကျပေါင်းသင်းဆက်ဆံရေးထက် စက်ရုပ်များကို ပိုမိုရွေးချယ်လာကြမည်ဟုလည်း ဆိုထားသည်။ အနာဂတ်ကာလမှာ နည်းပညာပိုမိုမြင့်မားသည့် စက်ရုပ်များကို အမျိုးသမီးများက ပိုမိုနှစ်သက်လာကြမည်ဟုလည်း Pearson က ဟောကိန်းထုတ်ထားပါသည်။ သို့သော် စက်ရုပ်အဖော်မွန်ဆက်ဆံခြင်းကို ဆန့်ကျင်သည့် လှုပ်ရှားမှုများကို ကမ္ဘာကြီးသည် အရှိန်အဟုန်ဖြင့် တွေ့ကြုံနေရပြီလည်း ဖြစ်သည်။

၁၈၈၆ ခုနှစ်တွင် ပြင်သစ်စာရေးဆရာ Auguste Villiers de Lisle-Adan သည် "Future Eve" စက်ရုပ်နှင့် အချစ်ဇာတ်လမ်းကို ရေးဖွဲ့ခဲ့သည်။ နောက်နှစ်ပေါင်း ၁၂၀ အကြာတွင် ဉာဏ်ရည်တုနယ်ပယ်၌ ထိပ်တန်းကျွမ်းကျင်သူတစ်ဦးဖြစ်သည့် David Levy က နောက်ထပ်စာအုပ်ဖြစ်သည့် Love with Robots ကို ရေးသားခဲ့ပါသည်။ "အဖော်မွန်လိုအပ်ချက်ကို ခံစားရပြီး ကျေနပ်အောင် မစွမ်းဆောင်နိုင်သူများသည် နည်းပညာကျွမ်းကျင်ပညာရှင်များအား ၎င်းတို့၏ဆန္ဒများကို ကျေနပ်စေရန်အတွက် မလွဲမသွေ ပေးဆပ်ကြရပေလိမ့်မည်ဟုလည်း အဆိုပါစာအုပ်တွင် ဖော်ပြခဲ့သည်။ တကယ်တော့ အဲ့ဒီအချိန်က ရောက်လုနီးနေပြီ" ဟု Levy က လာမည့်နှစ်များတွင် စက်ရုပ်များနှင့် အဖော်မွန်သဖွယ် ဆက်ဆံခြင်းသည် အဖြစ်များလာမည်ဟု ခန့်မှန်းထားခဲ့သည်။ အဆိုပါယူဆချက်မှာ သူတစ်ယောက်တည်းတော့ မဟုတ်ပါ။ ဥပမာအားဖြင့် ဩစတြေးလျသုတေသီတစ်စုကလည်း အမျိုးသမီးဘဝအဖော်မွန်လုပ်ငန်းသည် ၂၀၅၀ ပြည့်နှစ်တွင် စက်ရုပ်များဖြင့် အစားထိုးလုနီးပါးဖြစ်သည့်အတွက် လူသားဘဝအဖော်မွန် အမျိုးသမီးစနစ်သည် ပျောက်ကွယ်လုနီးပါးဖြစ်လာမည်ဟု ခန့်မှန်းထားကြသည်များလည်း ရှိပါသည်။ စက်ရုပ်များနှင့် အဖော်မွန်သဖွယ်ဆက်ဆံခြင်းကို ဆန့်ကျင်သည့် ကမ်ပိန်းသည် ကမ္ဘာပေါ်တွင် ပိုမိုကျယ်ပြန့်လာသလို သတိပြုရန်လည်း ပို၍လိုအပ်လာပြီး စိတ်ဝင်စားစရာနှင့် ကြောက်စရာ ပိုကောင်းလာခဲ့ပါသည်။ သို့သော် ချစ်ခြင်းမေတ္တာ၏ အတိမ်အနက်သည် ဖြစ်နိုင်ခြေရှိသော လူသားအဖော်မွန် ဝန်ဆောင်မှုလုပ်ငန်းများ အလုပ်လက်မဲ့ဖြစ်ခြင်းများနှင့်ပတ်သက်၍ မည်သို့မျှ မဆက်စပ်နိုင်ပါ။ စက်ရုပ်နယ်ပယ်မှ အထူးကျွမ်းကျင်သူများ (စက်ရုပ်များ၏ ကျင့်ဝတ်ဆိုင်ရာ ရှုထောင့်နှင့် စည်းကမ်းများကိုလေ့လာသူများ)ထဲမှ တစ်ဦးဖြစ်သည့် ဗြိတိန်သုတေသီ Kathleen Richardson ၏အဆိုအရ စက်ရုပ်များနှင့် ဘဝအဖော်မွန်သဖွယ်ဆက်ဆံခြင်းသည် ခေတ်သစ်လူ့အဖွဲ့အစည်း၏ ဝမ်းနည်းဖွယ်ကောင်းသောလမ်းကြောင်းကိုသာ ဦးတည်လာစေသည်ဟုဆိုပါသည်။ "ဘဝအဖော်မွန်စနစ်ကို ရောင်းဝယ်ဖောက်ကားမှုတစ်ခုအဖြစ် ပြောင်းလဲစေခြင်းဖြင့် ကျွန်ုပ်တို့သည် လူသားဆန်သော ဘဝအဖော်မွန်ပိုင်းဆိုင်ရာအမျိုးသမီးတစ်ဦးအား သက်မဲ့အရာဝတ္ထုအဖြစ်သို့ ရောက်ရှိသွားစေပြီး သက်ရှိဖြစ်သောသူမအား စွန့်လွှတ်လိုက်စေပါသည်။ အဖော်မွန်စက်ရုပ်များ၏ အသွင်အပြင်က အဆိုပါသဘောထား၏ နောက်ထပ်အောင်ပွဲများကို ရရှိလာစေနိုင်မှာပါ" ဟုလည်း Richardson က ဆိုပါသည်။ "စက်ရုပ်တွေရဲ့ အသွင်အပြင်က အမျိုးသမီးတွေရဲ့ လူသားဆန်မှုကို နှိမ့်ချတဲ့အကြောင်း၊ အရာဝတ္ထုတစ်ခုအဖြစ် ပြောင်းလဲလာတဲ့အကြောင်းကို ပြောနိုင်မယ်လို့ မထင်ပါဘူး။ တကယ်တော့ အဝတ်လျှော်စက်ရဲ့ အသွင်အပြင်ဟာ လူသားမဆန်ဘဲ အိမ်အလုပ်တွေနဲ့ အလုပ်ရှုပ်နေတဲ့ အမျိုးသမီးတွေအဖြစ် ပြောင်းလဲသွားတယ်လို့ မဆိုလိုနိုင်ပါဘူး" ဟုလည်း Richardson က ဆိုပါသည်။ ထို့ကြောင့် အဝတ်လျှော်ခြင်းနှင့် ဘဝအဖော်မွန်ဆက်ဆံခြင်းကြားတွင် တိကျသောခြားနားချက်ရှိသဖြင့် ငြင်းခုံခြင်းသည်သာ မိုက်မဲခြင်းဖြစ်ပေလိမ့်မည်ဟု ဆိုသည်။

နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများနှင့်ပတ်သက်၍ အလားတူ စိုးရိမ်မှုများသည် ယခင်ကလည်း ပေါ်ပေါက်ခဲ့ပြီး ဖြစ်သည်။ ဥပမာအားဖြင့် ဆိုရှယ်မီဒီယာသည် စာနာမှုကို သတ်ဖြတ်သည်ဟု စွပ်စွဲခံခဲ့ရဖူးသည်။ သို့သော် လူမှုကွန်ရက်အသုံးပြုသူများသည် ၎င်းတို့ မသိသော နာမကျန်းသူများကို ခွဲစိတ်ကုသရန်အတွက် ရန်ပုံငွေ အမြောက်အမြား စုဆောင်းလေ့ရှိပြီး ၎င်းသည် ဆန့်ကျင်ဘက်အခြေအနေဖြစ်ကြောင်းကို ဖော်ပြနေသည်။

ဘဝအဖော်မွန်ဆိုင်ရာဆက်ဆံရေးတွင် အခက်အခဲအချို့ကို တွေ့ကြုံခံစားရသူ အချို့သည် ၎င်းတို့အား နည်းပညာအသစ်များက ပေးလာသည့် မည်သည့်အကူအညီကိုမဆို လိုလိုလားလား အသုံးပြုလာကြလိမ့်မည်လည်းဖြစ်သည်။ ROXXXY ဟု အမည်ပေးထားသည့် ဆွဲဆောင်မှုရှိသော အမျိုးသမီးစက်ရုပ်ကို UK နိုင်ငံမှ True Companion မှ ၂၀၁၀ ပြည့်နှစ်မှစတင်၍ အဆက်မပြတ် တိုးတက်အောင် တီထွင်ထုတ်လုပ်လာခဲ့သည်။ သို့သော် စာရင်းဇယားများအရ ထိုကဲ့သို့သော ကုန်ပစ္စည်းများ၏ စားသုံးသူအရေအတွက်သည် ယနေ့အချိန်အထိ အရေအတွက်အားဖြင့် နည်းပါးနေသေးသည်။ သို့သော်လည်း ကြီးထွားလာနေသည်ဟုလည်းဆိုထားသည်။ ၂၀၁၄ ခုနှစ်က UK နိုင်ငံမှ စစ်တမ်းတစ်ခုတွင် ပါဝင်သူများ၏ ၄၁ ရာခိုင်နှုန်းသည် humanoid စက်ရုပ်နှင့် အဖော်မွန်သဖွယ် ဆက်ဆံခြင်းဆိုင်ရာ အယူအဆကို ရွံရှာဖွယ်ဟုတွေ့ရှိကြပြီး ၁၄ ရာခိုင်နှုန်းသည် စက်ရုပ်များကို ထိုသို့သော ရည်ရွယ်ချက်များအတွက် အသုံးမပြုသင့်ဟု ထင်မြင်ခဲ့ကြသည်။ သို့သော် ဗြိတိန်နိုင်ငံသား ၁၇ ရာခိုင်နှုန်းက ထိုသို့သော အတွေ့အကြုံများကို လုံးဝစိတ်မဝင်စားကြောင်းကို ပြောကြားထားခဲ့သဖြင့် စိတ်ဝင်စားသူမှာ ၂၈ ရာခိုင်နှုန်းသာ ရှိသည်။

အချုပ်အားဖြင့်ဆိုရသော် အဖော်မွန်စက်ရုပ်များသည် သက်ရှိဘဝအဖော်မွန်နှင့်ဆက်ဆံသည့်နေရာတွင် အစားထိုးဝင်ရောက်ရန်ဆိုသည်မှာ ခက်ခဲလှသည်နှင့်အမျှ အဆိုပါအစားထိုးမှုများ ပေါ်ပေါက်လာနိုင်မည်မဟုတ်ဘဲ စိတ်ပညာရှင်များ၏ စိုးရိမ်ပူပန်သင့်သည့် စိတ်ရောဂါရှင်အရေအတွက်သာ တိုးပွားလာခြင်းမျိုးဖြစ်နိုင်ပေမည်။ ချစ်ခြင်းမေတ္တာကိုအခြေခံသော ဘဝအဖော်မွန်ဆက်ဆံခြင်းသည် မည်သို့မျှအစားထိုးနိုင်ဖွယ် မရှိသေးဘဲ စိတ်အာသာပြေစေရန် အသုံးချသည့် စက်ရုပ်မျိုးအဆင့်တွင်သာရှိသည့် စက်ရုပ်မျိုးသာ ဖြစ်ထွန်းပေါ်ပေါက်နိုင်လိမ့်ဦးမည်ဖြစ်ပါကြောင်းနှင့် လောလောဆယ်အချိန်ကာလတွင် လူသားဘဝအဖော်မွန်ဆက်ဆံရေးသည် အစားထိုး၍မရနိုင်သော လူသားတို့၏ ချစ်ခြင်းမေတ္တာပြယုဂ်တစ်ခုအဖြစ်သာ ရှိနေဆဲဖြစ်ပါကြောင်း ဗဟုသုတရရှိစေရန် အလို့ငှာရေးသားတင်ပြလိုက်ရပါသည်။

Ref : Tech Explorers Web page and Technology Innovation Web page from Google

နော်ယဉ်ကျေး




## ပီယာရိုဟင်ကာပီအား အပြီးသတ်ခေါ်ယူရန် အာဆင်နယ်အသင်းစီစဉ်

**လန်ဒန် ဖေဖော်ဝါရီ ၂၈**

အာဆင်နယ်အသင်းသည် လေဗာကူဆင်အသင်းမှ အငှားဖြင့် ခေါ်ယူထားသော နောက်ခံကစားသမား ပီယာရိုဟင်ကာပီအား အပြီးသတ်ခေါ်ယူရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ယခုနှစ်ဘောလုံးရာသီတွင် လေဗာကူဆင်အသင်းမှ အာဆင်နယ်အသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၂၄ပွဲကစားကာ တစ်ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက အပြီးသတ်ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

အာဆင်နယ်အသင်းထုတ်ပြန်ချက်တွင် 'ပီယာရိုဟင်ကာပီအား အပြီးသတ်ခေါ်ယူရန် စီစဉ်နေပါပြီ။ အပြောင်းအရွှေ့ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ' ဟု ထုတ်ပြန်သည်။ **(အောက်ပုံ) (NGB)**



## နည်းပြ ကိတ်သ်အင်ဒရူးစ် ဘရန့်ဖို့ဒ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဖေဖော်ဝါရီ ၂၈**

ဘရန့်ဖို့ဒ်အသင်းသည် အသင်းနည်းပြ ကိတ်သ်အင်ဒရူးစ်အား ၂၀၃၂ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။

အဆိုပါ နည်းပြသည် ဘရန့်ဖို့ဒ်အသင်းအား ၂၀၂၅ခုနှစ် ဇွန် ၂၇ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၃၃ပွဲတွင် ၁၆ပွဲနိုင်၊ ၅ပွဲသရေ၊ ၁၂ပွဲရှုံး ရလဒ်ဖြင့် ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ **(အပေါ်ယာပုံ)**

အသက်(၄၅)နှစ်အရွယ်ရှိ ကိတ်သ်အင်ဒရူးစ်က 'ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းကို ယခုထက်ပိုပြီး အောင်မြင်မှုများ ရရှိအောင် အစွမ်းကုန် ကြိုးစားသွားမှာပါ' ဟု ပြောသည်။ **(NGB)**



## ဖရန်ကီဒီဂျောင် ပေါင်ဒဏ်ရာကြောင့် ခြောက်ပတ်ခန့် အနားယူရမည်

**ဘာစီလိုနာ ဖေဖော်ဝါရီ ၂၈**

ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား ဖရန်ကီဒီဂျောင် ပေါင်ဒဏ်ရာကြောင့် ခြောက်ပတ်ခန့် အနားယူရမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် အသင်း၏ လေ့ကျင့်ရေး အစီအစဉ်တွင် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဖရန်ကီဒီဂျောင် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘာစီလိုနာအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဖရန်ကီဒီဂျောင်သည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၉၀ပွဲကစားပြီး ဂိုး ၂၀သွင်းယူကာ ခြေစွမ်းပြထားသည်။

**(အောက်ပုံ) (NGB)**



## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကွန်းဖရန့်လိဂ် ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်များထွက်ပေါ်

**လန်ဒန် ဖေဖော်ဝါရီ ၂၈**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကွန်းဖရန့်လိဂ် ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

ကွန်းဖရန့်လိဂ် ၁၆သင်းအဆင့်တွင် လက်ချ်ပေါ့ဇ်နန်အသင်းနှင့် ရှက်တာဒိုးနက်စ်အသင်း၊ AZ အယ်လ်ခမာအသင်းနှင့် စပါတာပရပ်ဂ်အသင်း၊ ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် လာနာကာအသင်း၊ ဖီအိုရင်တီးနားအသင်းနှင့် ရာကောအသင်း၊ ဆမ်ဆန်စပေါ်အသင်းနှင့် ဗယ်လက်ကာနိုအသင်း၊ ဆယ်လ်ဂျီအသင်းနှင့် AEK အေသင်အသင်း၊ အိုလိုမုချ်အသင်းနှင့် မိန့်ဇ်အသင်း၊ ရီဂျီကာအသင်းနှင့် စထရာဘော့စ်အသင်းတို့ အသီးသီးထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကွန်းဖရန့်လိဂ် ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်များကို လာမည့် မတ် ၁၃ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(NGB)**

0-0-0-0-0-0-0

## 2026 ATX Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Yue Yuan တက်ရောက်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၈**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 ATX Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ တရုတ်တင်းနစ်မယ် Yue Yuan တက်ရောက်နိုင်ခဲ့သည်။

အဆိုပါ တရုတ်တင်းနစ်မယ် Yue Yuan သည် 2026 ATX Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဟန်ဂေရီတင်းနစ်မယ် Dalma Galfi အား ၆-၃၊ ၆-၂ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

2026 ATX Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် တရုတ်တင်းနစ်မယ် Yue Yuan နှင့် အိမ်ရှင်အမေရိကန် တင်းနစ်မယ် Ashlyn Krueger တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**



### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁-၃-၂၀၂၆<br>ည ၈:၃၀ နာရီ | (၁၅)ပါရီ - နိစ်(၁၄)<br>(D,L,D,L,D) (D,W,D,L,D) | ———— |
| ၁-၃-၂၀၂၆<br>ည ၁၀:၄၅ နာရီ | (၅)လိုင်လီ - နန့်တက်စ်(၁၇)<br>(D,D,L,W,W) (L,L,L,L,W) | လိုင်လီ ၁-၁ နန့်တက်စ်<br>နန့်တက်စ် ၁-၀ လိုင်လီ |
| ။ | (၉)လိုရီယန့် - အော်ဇေး(၁၆)<br>(W,W,L,W,D) (L,D,D,W,L) | လိုရီယန့် ၀-၁ အော်ဇေး<br>အော်ဇေး ၁-၃ လိုရီယန့် |
| ။ | (၁၈)မက်ဇ် - ဘရက်စ်(၁၁)<br>(L,L,D,L,L) (L,D,W,D,W) | မက်ဇ် ၀-၁ ဘရက်စ်<br>ဘရက်စ် ၄-၃ မက်ဇ် |
| ၂-၃-၂၀၂၆<br>နံနက် ၀၂:၁၅ နာရီ | (၄)မာဆေးလ် - လိုင်ယွန်(၃)<br>(D,W,L,D,L) (W,W,W,W,L) | မာဆေးလ် ၃-၂ လိုင်ယွန်<br>လိုင်ယွန် ၂-၃ မာဆေးလ် |

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၈) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁-၃-၂၀၂၆<br>ည ၈:၃၀ နာရီ | (၁၄)ဘရိုက်တန် - နော်တင်ဟမ်(၁၇)<br>(D,L,L,L,W) (L,D,W,L,L) | ဘရိုက်တန် ၂-၂ နော်တင်ဟမ်<br>နော်တင်ဟမ် ၇-၀ ဘရိုက်တန် |
| ။ | (၁၀)ဖူလ်ဟမ် - စပါး(၁၆)<br>(L,L,L,W,W) (W,D,L,L,L) | ဖူလ်ဟမ် ၂-၀ စပါး<br>စပါး ၁-၁ ဖူလ်ဟမ် |
| ။ | (၄)မန်ယူ - ပဲလေ့စ်(၁၃)<br>(W,W,W,D,W) (W,L,D,W,W) | မန်ယူ ၀-၂ ပဲလေ့စ်<br>ပဲလေ့စ် ၀-၀ မန်ယူ |
| ၁-၃-၂၀၂၆<br>ည ၁၁:၀၀ နာရီ | (၁)အာဆင်နယ် - ချဲလ်ဆီး(၅)<br>(W,D,W,D,W) (L,W,D,W,D) | အာဆင်နယ် ၁-၀ ချဲလ်ဆီး<br>ချဲလ်ဆီး ၁-၁ အာဆင်နယ် |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁-၃-၂၀၂၆<br>ညနေ ၆:၀၀ နာရီ | (၁၇)ခရီမိုနီစီ - အေစီမီလန်(၂)<br>(L,L,L,D,L) (D,W,W,D,L) | ခရီမိုနီစီ ၀-၀ အေစီမီလန်<br>အေစီမီလန် ၁-၁ ခရီမိုနီစီ |
| ၁-၃-၂၀၂၆<br>ည ၈:၃၀ နာရီ | (၉)ဆက်ဆူအိုလို - အတ္တလန္တာ(၇)<br>(W,W,L,W,W) (W,W,L,W,W) | ဆက်ဆူအိုလို ၀-၂ အတ္တလန္တာ<br>အတ္တလန္တာ ၃-၀ ဆက်ဆူအိုလို |
| ၁-၃-၂၀၂၆<br>ည ၁၁:၃၀ နာရီ | (၁၅)တိုရီနို - လာဇီယို(၁၀)<br>(W,L,D,L,L) (W,D,W,L,D) | တိုရီနို ၂-၃ လာဇီယို<br>လာဇီယို ၁-၁ တိုရီနို |
| ၂-၃-၂၀၂၆<br>နံနက် ၀၂:၁၅ နာရီ | (၄)ရိုးမား - ဂျူဗင်တပ်(၅)<br>(D,L,W,D,W) (D,L,L,L,W) | ရိုးမား ၁-၁ ဂျူဗင်တပ်<br>ဂျူဗင်တပ် ၀-၀ ရိုးမား |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁-၃-၂၀၂၆<br>ည ၇:၃၀ နာရီ | (၁၇)အယ်လ်ချီ - အက်စ်ပန်ညို(၇)<br>(L,L,L,D,L) (L,L,L,D,L) | အယ်လ်ချီ ၀-၁ အက်စ်ပန်ညို<br>အက်စ်ပန်ညို ၂-၂ အယ်လ်ချီ |
| ၁-၃-၂၀၂၆<br>ည ၉:၄၅ နာရီ | (၁၆)ဗလင်စီယာ - အိုဆာဆူနာ(၉)<br>(L,L,L,W,L) (W,D,W,D,W) | ဗလင်စီယာ ၀-၀ အိုဆာဆူနာ<br>အိုဆာဆူနာ ၃-၃ ဗလင်စီယာ |
| ၂-၃-၂၀၂၆<br>နံနက် ၀၀:၀၀ နာရီ | (၅)ဘက်တစ် - ဆီဗီလာ(၁၂)<br>(W,L,W,W,D) (W,L,D,D,W) | ဘက်တစ် ၂-၁ ဆီဗီလာ<br>ဆီဗီလာ ၁-၀ ဘက်တစ် |
| ၂-၃-၂၀၂၆<br>နံနက် ၀၂:၃၀ နာရီ | (၁၁)ဂျီရိုနာ - ဆဲလ်တာဗီဂို(၆)<br>(D,L,D,W,D) (L,D,W,W,W) | ဂျီရိုနာ ၂-၂ ဆဲလ်တာဗီဂို<br>ဆဲလ်တာဗီဂို ၁-၁ ဂျီရိုနာ |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁-၃-၂၀၂၆<br>ည ၉:၀၀ နာရီ | (၄)စတုဂတ် - ဝုဗ်ဘတ်(၁၅)<br>(L,W,W,D,L) (L,L,L,D,L) | စတုဂတ် ၁-၂ ဝုဗ်ဘတ်<br>ဝုဗ်ဘတ် ၂-၂ စတုဂတ် |
| ၁-၃-၂၀၂၆<br>ည ၁၁:၀၀ နာရီ | (၈)ဖရန့်ဖတ် - ဖရိုင်းဘတ်(၇)<br>(L,L,D,W,L) (L,W,W,L,W) | ဖရန့်ဖတ် ၄-၁ ဖရိုင်းဘတ်<br>ဖရိုင်းဘတ် ၁-၃ ဖရန့်ဖတ် |
| ၂-၃-၂၀၂၆<br>နံနက် ၀၁:၀၀ နာရီ | (၁၁)ဟမ်းဘတ် - လိုက်ပဇစ်(၅)<br>(D,D,W,W,D) (L,W,L,D,D) | ဟမ်းဘတ် ၀-၄ လိုက်ပဇစ်<br>လိုက်ပဇစ် ၀-၃ ဟမ်းဘတ် |

# မြန်မာ - တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)အသင်းခွဲ(မန္တလေး)၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ AI နည်းပညာကုမ္ပဏီမှ ကိုယ်စားလှယ်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက်ဟုန်းပြည်နယ်ခွဲသို့ လေ့လာရေးခရီးထွက်ခွာ

**မန္တလေး ဖေဖော်ဝါရီ ၂၈**

မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)အသင်းခွဲ(မန္တလေး) ဥက္ကဋ္ဌ ဦးကျော်မင်း ဦးဆောင်သော မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း (ဗဟို)အသင်းခွဲ (မန္တလေး)၊မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ AI နည်းပညာကုမ္ပဏီမှ ကိုယ်စားလှယ်များသည် ဖေဖော်ဝါရီ ၂၇ ရက် ညနေပိုင်းက လေ့လာရေးခရီးစဉ်အဖြစ် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရွှေလီမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားခဲ့သည်။

အဆိုပါလေ့လာရေးအဖွဲ့သည် ရွှေလီမြို့ရှိ ရွှေရောင်းဝယ်ရေးနှင့် ရွှေထည်ပြုလုပ်ရေးကုမ္ပဏီလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးဖလှယ်မှုများ ပြုလုပ်ခြင်း၊ ရွှေလီစက်မှုဇုန်နှင့် ရွှေလီမြို့ပြစီမံကိန်းပြတိုက်ကို ကြည့်ရှုလေ့လာခြင်း၊ မြန်မာ-တရုတ်မာရသွန်အပြေးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်း၊ တက်ဟုန်းသက်မွေးနည်းပညာကောလိပ်သို့ သွားရောက်၍ AIနည်းပညာလေ့ကျင့်ရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ကြည့်ရှုလေ့လာဖလှယ်မှုများပြုလုပ်ခြင်း၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)၊အသင်းခွဲ(မန္တလေး) ကိုယ်စားလှယ်အဖွဲ့နှင့်သက်ဆိုင်ရာ အစိုးရဌာနများအကြား လေ့လာဆွေးနွေးဖလှယ်မှုများ ဆောင်ရွက်ကြမည် ဖြစ်သည်။



အဆိုပါ လေ့လာရေးအဖွဲ့အား မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)အသင်းခွဲ(မန္တလေး)မှ အတွင်းရေးမှူးနှင့်အမှုဆောင်များ၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းနှင့် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း(မန္တလေး)မှ တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၆)**

*-*-*-*-*



# တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်ဆိုင်ရာ အနီးကပ်သင်တန်း ပို့ချ

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၂၆ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်အလိုက် အနီးကပ် သင်ကြားပို့ချမှုကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီက စံပြရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ပညာဂုဏ်ရောင်ခန်းမနှင့် ဘူတာရပ်ကွက်ရှိ သာသနာ့ဗိမာန်တို့တွင် ကျင်းပခဲ့သည်။

မိတ္ထီလာတက္ကသိုလ် မြန်မာစာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာ ဒေါ်မြမြသန်း ဦးဆောင်သည့် ကထိကဆရာ၊ ဆရာမများက ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူ ၈၉၆ ဦးတို့အား ဘာသာရပ်အလိုက် အနီးကပ်သင်တန်းပို့ချပေးခဲ့ခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၂၅ ရက်တွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘာသာရပ်များနှင့် ဖေဖော်ဝါရီ ၂၆ရက်တွင် ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒ၊ပထဝီဝင်၊သမိုင်း၊ ဘောဂဗေဒဘာသာရပ်များကို နှစ်ရက်ခွဲ၍ သင်ကြားပို့ချပေးခဲ့ကြောင်းနှင့် မေးခွန်းပုံစံများနှင့် ဖြေဆိုရမည့် နည်းစနစ်များကို ဘာသာရပ်အလိုက် သက်ဆိုင်ရာ ကထိကများက သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါ အနီးကပ်သင်တန်းပို့ချရာတွင် ကျောင်းသား၊ ကျောင်းသူများအား နေရာထိုင်ခင်း အစဉ်ပြေစေရန်အတွက် အမှတ်(၂) အ.ထ.က ရှိ ပညာဂုဏ်ရောင်ခန်းမနှင့် မြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တို့တွင် နှစ်နေရာခွဲ၍ ပို့ချခဲ့ကြောင်း၊ ညောင်ဦးခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ထွန်းဦး၊ ကျောက်ပန်းတောင်း မြို့နယ်ပညာရေးမှူး ဒေါ်ခင်ခင်နွယ်၊ ဒုတိယမြို့နယ်ပညာရေးမှူးနှင့် လက်ထောက်ပညာရေးမှူးများက လိုအပ်သည်များ ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**(၄၅၆)**

*-*-*-*-*

# ပြည်သူ့စာကြည့်တိုက်တွင် အခြေခံအင်္ဂလိပ်စာ (4 - skill) သင်တန်း၊ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းနှင့် ယဉ်ကျေးလိမ္မာသင်တန်းများ အခမဲ့ ဖွင့်လှစ်သင်ကြားပေးမည်

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၈**

ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ နွေရာသီကျောင်းပိတ်သည့် အားလပ်ရက်များတွင် အချိန်ကို အကျိုးမဲ့ မကုန်ဆုံးစေဘဲ အသိပညာ၊ အတတ်ပညာများကြွယ်ဝစေရန်၊ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ အားလပ်ရက်ရှည်ကာလများတွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရေးနှင့် ကာယ၊ ဉာဏစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ အခြေခံအင်္ဂလိပ်စာ(4- skills)သင်တန်း၊ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းနှင့် ယဉ်ကျေးလိမ္မာသင်တန်းများကို မတ် ၃ ရက်မှ စတင်၍ အခမဲ့ ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းတွင် အခြေခံပညာကျောင်းများမှ Grade - 6 နှင့်အထက် ကျောင်းသား၊ကျောင်းသူများအား ဆရာကြီး ဦးစိုးလွင် (အင်္ဂလိပ်စာ)မှ အခြေခံကျသည့် (listening,Speaking, Reading, Writing) စသည့် အင်္ဂလိပ်စာ (4 – skills) သင်တန်းကို သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း၊ အသက်ရှစ်နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများအား အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို ဆရာဦးမြင့်သိန်း(မြင့်မြတ်သုခ) နှင့် ပန်းချီဆရာ ဦးသူရကျော်တို့က ပန်းချီပညာတွင် အခြေခံကျသည့် မျဉ်းကြောင်းရေးဆွဲနည်း၊ အလင်းအမှောင်၊ ပန်းချီပညာအယူအဆနှင့် ပန်းချီပညာ၏ အခြေခံစည်းမျဉ်း၊ စည်းကမ်းများကိုလည်းကောင်း၊ အသက်(၈)နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများအား ယဉ်ကျေးလိမ္မာသင်တန်း(ဘဝတစ်သက်တာလိုက်နာစရာ)ကို ဆရာမ ဒေါ်ငွေးငွေးမြင့်က လည်းကောင်း သင်ကြားပို့ချပေးခဲ့သည်။ အဆိုပါသင်တန်းကို မတ် ၃ ရက်မှ ၂၆ ရက်အထိ သင်ကြားပို့ချပေးခဲ့ကြောင်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူထံက သိရသည်။

**နောင်နောင်(ဗိဿနိုးမြေ)**

*-*-*-*-*

# မန္တလေးမြို့တွင် (၂၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ အခမ်းအနား ကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၂၈**

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(မန္တလေးတိုင်းဒေသကြီး)က ကြီးမှူးလျက် "ပညာရှင်ရေး သမားကျေးဇူးတရား မမေ့ကြား" ပညာရှင် တိုင်းရင်းဆေးသမားတော်ကြီးများအား ဦးထိပ်ထားလျက် (၂၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ အခမ်းအနားကို မတ် ၂ ရက် (တပေါင်းလပြည့်နေ့) နံနက် ၉ နာရီတွင် မန္တလေး၊ အောင်မြေသာစံမြို့နယ်၊မန္တလေးတောင်တက်လမ်းအနောက်ဘက်ရှိ အဘရာမ မိုးထိတိုက်၊ ဝေယံဘုံကျော်ကျောင်းမွှာရုံတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားတွင် ပင့်သံဃာတော်တို့အား နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ခြင်း၊ တိုင်းရင်းဆေးသမားတော်ကြီးများအား ဂါရဝပြုကန်တော့ခြင်းများ ပြုလုပ်ကြမည်ဖြစ်၍ တိုင်းရင်းဆေးရပ်ဝန်းနှင့် နီးနွယ်သူများ တက်ရောက်ကြည်ညိုနိုင်ကြောင်း သိရသည်။

**(၀၇၀)**

*-*-*-*-*

# လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်နိုင်စေရေး ကောက်စိုက်စက်ဖြင့် နွေစပါး(ရေဆင်း ပေါ်ဆန်း-၂)ပျိုးထောင်ခြင်း သရုပ်ပြပွဲ ကျင်းပ

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ကောက်စိုက်စက်ဖြင့် နွေစပါး(ရေဆင်း ပေါ်ဆန်း-၂)ပျိုးထောင်ခြင်း သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈ နာရီက ထမုန်ကန်ကျေးရွာအုပ်စု၊ စက်ပစ်တောင်ကျေးရွာရှိ ကွင်းအမှတ် ၇၄၀ရှိ တောင်သူ ဦးဖုန်းမြင့်၏ စိုက်ခင်းတွင် ကျင်းပခဲ့သည်။

ကောက်စိုက်စက်ဖြင့် နွေစပါး(ရေဆင်း ပေါ်ဆန်း-၂)ပျိုးထောင်ခြင်းသရုပ်ပြပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နိုင်အေးက မြို့နယ်အတွင်း လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်နိုင်စေရေး၊ လုပ်သားအင်အားရှားပါးမှုပြဿနာ ဖြေရှင်းပေးနိုင်ရေးနှင့် စပါးအထွက်နှုန်းကောင်းမွန်စေရန် ရည်ရွယ်၍ ဒေသခံတောင်သူများအား ကောက်စိုက်စက်ဖြင့် နွေစပါးပျိုးထောင်ခြင်းကို လက်တွေ့ပြသခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး စိမ်းလန်းမြေ ကုမ္ပဏီလီမိတက်မှ တာဝန်ခံ ဦးမောင်မောင်ထွန်းက ကောက်စိုက်စက်ဖြင့် ပျိုးထောင်ပုံ အဆင့်ဆင့်ကို ရှင်းပြရာ ဒေသခံတောင်သူများက သိလိုသည်များ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ကောက်စိုက်စက်ဖြင့် နွေစပါး(ရေဆင်း ပေါ်ဆန်း-၂)ကို ပျိုးထောင်ရာ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာလင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသက်နိုင်အေး၊ စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းဇော်နှင့် တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**(၄၆၉)**

*-*-*-*-*



# ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအား အိမ်ဆောက်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**မန္တလေး ဖေဖော်ဝါရီ ၂၈**

မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်၌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီမှ ငလျင်ဒဏ်ကြောင့် လုံးဝပျက်စီးနှင့်တစ်စိတ်တစ်ပိုင်းထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအား ပြုပြင်နိုင်ရန် အိမ်ဆောက်ပစ္စည်း ဘိလပ်မြေ၊ သွပ်များ ထောက်ပံ့ပေးအပ်ခြင်းကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီက ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးထွန်းထွန်းဝင်းက နိုင်ငံတော်အနေဖြင့် ငလျင်ဘေးအန္တရာယ်ခံစားရသည့် ပြည်သူများအား ထောက်ပံ့ပေးနိုင်ခဲ့မှု အခြေအနေများ၊ နေအိမ်တစ်စိတ်တစ်ပိုင်း ပျက်စီးမှု အလုံးစုံပျက်စီးမှုတို့အတွက် နိုင်ငံတော်မှ သတ်မှတ်ထားသည့် နှုန်းထားအတိုင်း ငွေသားပေးအပ်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးထွန်းထွန်းဝင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆန်းဝင်းတို့က အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီမှ တစ်စိတ်တစ်ပိုင်း ထိခိုက်ပျက်စီးခဲ့သည့် အိမ်ထောင်စု ၃၅ စုအား ပြုပြင်နိုင်ရန် အိမ်ဆောက်ပစ္စည်း ဘိလပ်မြေ၊ သွပ်များ ထောက်ပံ့ပေးခဲ့ပြီး ကျန်အိမ်ထောင်စုများ စိစစ်၍ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၅၆)



# ပခုက္ကူတက္ကသိုလ်၌ တိရစ္ဆာန်ရုပ်လုံးသွင်းအတတ်ပညာသင်တန်းဆင်းပွဲ ကျင်းပ

**ပခုက္ကူ ဖေဖော်ဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ရှိ ပခုက္ကူတက္ကသိုလ်၌ တိရစ္ဆာန်ရုပ်လုံးသွင်းအတတ်ပညာ သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၆ရက် မွန်းလွဲ ၃နာရီက သတ္တဗေဒဌာနတွင် ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ပခုက္ကူတက္ကသိုလ်၊သတ္တဗေဒဌာနမှ ပါမောက္ခ ဒေါက်တာလှထူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှ တိရစ္ဆာန်ရုပ်လုံးသွင်းပညာရှင် သင်တန်းနည်းပြ ဦးမျိုးနိုင်က သင်တန်းဆင်း လက်မှတ်များပေးအပ်ပြီး ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်နှင့် တာဝန်ရှိသူများက အဖွဲ့လိုက်လက်တွေ့ အကောင်းဆုံးဆောင်ရွက်နိုင်မှုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်း၊ ကျောင်းသား၊ ကျောင်းသူများ ကိုယ်တိုင် လက်တွေ့ဆောင်ရွက်ထားသော တိရစ္ဆာန်ရုပ်လုံးသွင်း အတတ်ပညာဆိုင်ရာခင်းကျင်းပြသထားမှုအား အားပေးကြည့်ရှုခြင်း ဆောင်ရွက်ကြသည်။

အဆိုပါ သင်တန်းတွင် ကြွက်၊ ကြက်၊ ဘဲ၊ ငှက်၊ ငါးနှင့် ပုစွန်တိရစ္ဆာန်များ ရုပ်လုံးသွင်းသည့်အတတ်ပညာရပ်များကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၆ရက်အထိ စနစ်တကျ သင်ကြားပို့ချပေးခြင်းဖြစ်ပြီး ပခုက္ကူတက္ကသိုလ် သတ္တဗေဒဌာန ပထမနှစ်မှ မဟာသိပ္ပံ(ဒုတိယ)နှစ်အထိ ကျောင်းသား၊ကျောင်းသူ ၇၄ဦးတက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၄၀)

# မကွေးတက္ကသိုလ်၌ မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်း ဆောင်ရွက်

**မကွေး ဖေဖော်ဝါရီ ၂၈**

မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာများ စိမ့်ဝင်ပျံ့နှံ့စေရေးအတွက် ရည်ရွယ်၍ မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်းကို ယမန်နေ့ နံနက်ပိုင်းက မကွေးတက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးလှိုင်က မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာများနှင့် သဘာဝဘေးအန္တရာယ်များအကြောင်း အသိပညာပေးပြောကြားသည်။ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းမင်းဦးက လျှပ်စစ်နှင့် မီးဘေးအန္တရာယ်အကြောင်း ဆက်လက်ပြောကြားခဲ့ကာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၏ သိရှိလိုသည်များကို ရှင်းလင်း ဖြေကြားခဲ့သည်။

ဆက်လက်၍ ခေတ်မီ မီးသတ်ယာဉ်၊ စက်ဖြစ်သည့် LUF 60 ၏ စက်စွမ်းရည်ကို သရုပ်ပြသခဲ့ပြီး ဆီမီးလောင်မှုကို လက်တွေ့သရုပ်ပြ ငြိမ်းသတ်ခဲ့ကြသည်။

ထို့နောက် 191 Report Mobile Application အသုံးပြုနည်း၊ဂက်(စ်)အိုးမီးလောင်မှုအား မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ Dry Chemical Powder(DCP) မီးသတ်ဆေးဘူးဖြင့် စနစ်တကျလက်တွေ့ မီးငြိမ်းသတ်ခြင်းများကို သရုပ်ပြခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင် လက်တွေ့ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ မကွေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာ ခင်ကေခိုင်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ စုစုပေါင်း ၅၀၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

**မောင်ခိုင်မင်း(ပြန်/ဆက်)**



ပူနွေးကမ္ဘာ
တားဆီးရာ
မြေရှာတစ်ခု
တောပြုစု။

# နွေနှမ်းစံပြကွက် ဧက ၃၀ စိုက်ပျိုးမည့်တောင်သူများအား နှမ်းမျိုးများ ထောက်ပံ့ပေးအပ်

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နွေသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး နွေနှမ်းစံပြကွက် ဧက ၃၀ စိုက်ပျိုးရန်အတွက် နှမ်းမျိုးများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး စကားဝါမြေခန်းမတွင် ကျင်းပခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ်အတွင်း နွေသီးနှံပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက စိုက်ပျိုးရေးဆိုင်ရာ အလေ့အထကောင်းများနှင့် နည်းစနစ်သစ်များကို ကျေးရွာများသို့ ကွင်းဆင်းအသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိသည့် နည်းတူ မျိုးကောင်းမျိုးသန့်များနှင့် စွမ်းအင်ပြည့်မြေဩဇာများရရှိရေး ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်က နွေနှမ်းဧက ၃၀ စိုက်ပျိုးမည့် တောင်သူများအတွက် မျိုးကောင်းမျိုးသန့်များ ပံ့ပိုးပေးခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဗိုလ်မှူး နောင်ထွန်းနီနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကျော်တို့က အမှာစကားပြောကြားကြပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်အေးအေးမော်က နွေသီးနှံပန်းတိုင် အထွက်နှုန်းရရှိရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်တာဝန်ရှိသူများက နွေနှမ်းစံပြကွက် ဧက ၃၀ စိုက်ပျိုးမည့် တောင်သူများအတွက် နှမ်းမျိုးစေ့များကို ပေးအပ်ရာ တောင်သူများက တစ်ဦးချင်း လက်ခံရယူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးစေ့ချကိရိယာ (Seeder) ဖြင့် နွေစပါးစိုက်ပျိုးမည့် ဈေးကုန်းကျေးရွာအုပ်စု၊မကျီးတိုင်းကျေးရွာအုပ်စုနှင့် မင်းခေါင်းတောင်ကျေးရွာအုပ်စုမှ တောင်သူများကိုလည်း နွေစပါးတစ်ဧကလျှင် စွမ်းအင်ယူရီးယားဓာတ်မြေဩဇာ တစ်အိတ်နှုန်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ) (၄၅၆)

# မြန်မာ-တရုတ် ချစ်ကြည်ရေးဓာတ်ပုံပြိုင်ပွဲ ဆုကြေးငွေကျပ် သိန်း ၃၀အထိ ချီးမြှင့်မည်

**မန္တလေး ဖေဖော်ဝါရီ ၂၈**

မန္တလေးမြို့တွင် မြန်မာ-တရုတ် ချစ်ကြည်ရေးအထိမ်းအမှတ် "ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးဓာတ်ပုံပြိုင်ပွဲ" ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး(မန္တလေး)နှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို)(မန္တလေးရုံးခွဲ)တို့ ပူးပေါင်းကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပထမဆုငွေကျပ် သိန်း ၃၀၊ ဒုတိယဆုငွေကျပ် သိန်း၂၀၊ တတိယဆုငွေကျပ် ၁၀သိန်းနှင့် နှစ်သိမ့်ဆု တစ်ဆုလျှင် ငွေကျပ် သုံးသိန်း ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များအနေဖြင့် ၁၂×၁၈ လက်မအရွယ် ဓာတ်ပုံလေးပုံအထိ တင်သွင်းနိုင်ပြီး မြန်မာ-တရုတ် ချစ်ကြည်ရေးကို ဖော်ဆောင်သည့်ပုံများ ဖြစ်ရမည်။ DSLR နှင့် Digital Camera များဖြင့်သာ ရိုက်ကူးရမည်ဖြစ်ပြီး Drone၊ Phone နှင့် Action Cam များ အသုံးမပြုရကြောင်း သတ်မှတ်ထားသည်။ ထို့အပြင် အခြားပြိုင်ပွဲများတွင် ဆုရရှိဖူးသောပုံများ၊ စီးပွားရေးနှင့် မီဒီယာများတွင် အသုံးပြုထားသောပုံများ မဖြစ်ရကြောင်းလည်း ကြေညာထားသည်။

ဓာတ်ပုံများကို ၂၀၂၅ ခုနှစ်၊ ဧပြီ ၂၄ ရက် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း MCFA Mandalay Office(ချမ်းအေးသာစံမြို့နယ်၊ မန္တလေး)တွင် ပေးပို့နိုင်ပြီး ရွေးချယ်မှုကို ဧပြီ ၂၆ ရက်တွင် ပြုလုပ်သွားမည်ဖြစ်သည်။

အသေးစိတ် သိရှိလိုပါက ၀၉-၉၈၈၈၁၂၆၆၆ နှင့် ၀၉-၇၈၈၈၂၃၃၄၀ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း ထုတ်ပြန်ထားသည်။

**(မန္တလေးနေ့စဉ်-၈)**


*-*-*-*-*

*-*-*-*-*-*-*




## နောက်ကျောက ဝက်ခြံတွေ သက်သာပျောက်ကင်းစေမယ့် နည်းလမ်း

နောက်ကျောက ဝက်ခြံတွေဟာ မျက်နှာပေါ်ကဝက်ခြံတွေလို လူမမြင်ရပေမယ့် စိတ်အနှောင့်အယှက်ဖြစ်စရာ ကောင်းပါတယ်။ နောက်ကျောကဝက်ခြံက မျက်နှာပေါ်က ဝက်ခြံတွေလို ပျောက်ကင်းအောင် ဂရုစိုက်ပေးဖို့ ခက်ခဲတာကြောင့် ပျောက်ရခက်တယ်ဆိုပေမယ့် စနစ်တကျ ဂရုစိုက်မယ်ဆိုရင် သက်သာပျောက်ကင်းနိုင်ပါတယ်။ နောက်ကျောက ဝက်ခြံတွေပျောက်ကင်းဖို့အတွက် လုပ်ဆောင်ရမယ့် အချက်တွေကို ပြောပြပေးပါမယ်။




(၁) လေ့ကျင့်ခန်းလုပ်ပြီးလို့ ပဲဖြစ်ဖြစ်၊ အပြင်ကပြန်လာလို့ ချွေးထွက်နေရင်ပဲဖြစ်ဖြစ် ချွေးနဲ့ ဘက်တီးရီးယားတွေ ချွေးပေါက်မပိတ်အောင် ချက်ချင်းရေချိုးပေးပါ။ ချွေးစိုနေတဲ့ အင်္ကျီတွေကို ကြာရှည်ဝတ်မထားပါနဲ့။ ချည်သား (Cotton) လိုမျိုး လေဝင်၊ လေထွက်ကောင်းတဲ့ အင်္ကျီတွေကို ရွေးချယ်ဝတ်ဆင်ပါ။

(၂) ခေါင်းလျှော်ရည် ဒါမှမဟုတ် ပေါင်းတင်ဆေးတွေ နောက်ကျောကို စီးကျပြီး ချွေးပေါက်ပိတ်တတ်ပါတယ်။ခေါင်းလျှော်ပြီးမှ ကျောကို ဆပ်ပြာနဲ့ ပြန်ဆေးပေးပါ။

(၃) အိပ်ရာခင်းမှာရှိတဲ့ ဆဲလ်သေနဲ့ ဘက်တီးရီးယားတွေက ဝက်ခြံကို ပိုဆိုးစေနိုင်လို့ တစ်ပတ်တစ်ကြိမ် ပုံမှန်လဲပေးပါ။ ဝက်ခြံကို ညှစ်တာ၊ ဆိတ်တာတွေက အမာရွတ်ထင်ကျန်ရုံတင်မကဘဲ ပိုးဝင်ပြီး ပိုပွားစေနိုင်ပါတယ်။

(၄) ရေများများသောက်ပြီး သကြားဓာတ်များတဲ့ အစားအစာနဲ့ နို့ထွက်ပစ္စည်းတွေကို တတ်နိုင်သမျှ လျှော့စားကြည့်ပါ။ အချိုတွေနဲ့ အဆီ၊ အဆိမ့်တွေက ဝက်ခြံကို ပိုဆိုးစေတတ်ပါတယ်။

(၅) ဓာတုပစ္စည်းပမာဏများစွာပါဝင်တဲ့ ဆပ်ပြာတွေက အသားအရေကို ခြောက်သွေ့စေပြီး ဝက်ခြံပိုထွက်စေနိုင်တာကြောင့် ဓာတုပစ္စည်းနည်းတဲ့ ဆပ်ပြာအပျော့စားကိုအသုံးပြုပေးပါ။ ရေချိုးတဲ့အခါမှာ ပုံမှန်ရေချိုးဆပ်ပြာတွေအစား ဝက်ခြံပိုးကို သေစေနိုင်တဲ့ Benzoyl Peroxide ပါတဲ့ ဆပ်ပြာအမျိုးအစားတွေကို အသုံးပြုပေးပါ။ ချွေးပေါက်ထဲက အဆီနဲ့ဆဲလ်သေတွေကို ဖယ်ရှားပေးဖို့ Salicylic Acid ပါတဲ့ ပစ္စည်းတွေကို သုံးပေးနိုင်ပါတယ်။

နောက်ကျောက ဝက်ခြံတွေက ပြည်တည်ပြီး အရမ်းနာကျင်နေတယ်(သို့မဟုတ်) အိမ်တွင်းနည်းလမ်းတွေနဲ့ မသက်သာဘူးဆိုရင်တော့ အရေပြားအထူးကုဆရာဝန်နဲ့ တိုင်ပင်ပြီး သောက်ဆေး၊ လိမ်းဆေး ညွှန်ကြားချက်ယူတာ အကောင်းဆုံးပါပဲ။

**Daisy**

## မျက်နှာကိုရေခဲစိမ်ပေးခြင်း အကျိုးကျေးဇူးများ



အခုတလော လူမှုကွန်ရက်စာမျက်နှာအသုံးပြုနေတဲ့ အမျိုးသမီးတွေကြားမှာ မျက်နှာကို ရေခဲစိမ်ပေးတာ ခေတ်စားနေပါတယ်။ မျက်နှာကိုရေခဲစိမ်ပေးတာက မျက်နှာအသားအရေကောင်းမွန်စေဖို့အတွက် ရိုးရှင်းပြီး ထိရောက်တဲ့နည်းလမ်းဖြစ်တာကြောင့် အကျိုးကျေးဇူးတွေကို ဖော်ပြပေးလိုက်ပါတယ်။

အရင်တုန်းကတော့ မျက်နှာအသားအရေ ချွေးပေါက်ကျဉ်းဖို့အတွက် ရေခဲတုံးကို မျက်နှာအသားအရေပေါ်မှာ ပွတ်တာမျိုးတွေပြုလုပ်ခဲ့ကြပါတယ်။ အဲ့ဒီလို အလွန်အေးခဲနေတဲ့ ရေခဲတုံးကို မျက်နှာအသားအရေပေါ်ကို တိုက်ရိုက်ကပ်လိုက်တာက အခန့်မသင့်ရင် အအေးဒဏ်ကြောင့် အသားအရေမှာနီမြန်းပြီး အညိုအမည်းတွေ ဖြစ်သွားတတ်ပါတယ်။ အခုနည်းလမ်းကတော့ ဇလုံ ခပ်ကြီးကြီးတစ်ခုထဲမှာ ရေခဲရေ (သို့မဟုတ်) ရေခဲနဲ့ရေရောထားတဲ့ အေးမြနေတဲ့ရေကိုထည့်ပြီး မျက်နှာတစ်ခုလုံးကို စိမ်ရတာဖြစ်ပါတယ်။ မျက်နှာကို ရေခဲရေထဲစိမ်လိုက် ပြန်ထုတ်လိုက်လုပ်ပြီး ၅ မိနစ်ထက် ပိုပြီးမလုပ်သင့်ပါဘူး။ ရေခဲရဲ့အေးမြတဲ့အရှိန်က ကျယ်နေတဲ့ ချွေးပေါက်တွေကို ကျဉ်းသွားစေပြီး အသားအရေကို ပိုမိုချောမွေ့သွားစေပါတယ်။

မနက်နိုးတဲ့အချိန်မှာ မျက်နှာဖောင်းအစ်နေတာ ဒါမှမဟုတ် မျက်အိတ်ဖောင်းတာတွေကို မြန်မြန်ဆန်ဆန် လျှော့ကျချင်တယ်ဆိုရင် မျက်နှာကိုရေခဲရေစိမ်နိုင်ပါတယ်။ ဝက်ခြံကြောင့် နီမြန်းပြီး ရောင်ရမ်းတာတွေ၊ နေပူဒဏ်ကြောင့် နီမြန်းနေတာတွေကို ရေခဲရေအအေးဓာတ်က လျှော့ချပေးနိုင်သလို နာကျင်မှုကိုလည်း သက်သာစေပါတယ်။

မိတ်ကပ်မလိမ်းခင် မျက်နှာကို ရေခဲစိမ်ပေးရင် အသားအရေက ချောမွေ့ပြီး ချွေးပေါက်တွေ ပိတ်သွားတဲ့အတွက် မိတ်ကပ်လိမ်းရတာ ပိုမိုလွယ်ကူစေသလို တစ်နေကုန် မိတ်ကပ်သား ကွက်တာမျိုးမဖြစ်ဘဲ ကြာရှည်ခံစေပါတယ်။

ရေခဲရေက မျက်နှာပေါ်က သွေးကြောတွေကို ကျုံ့စေပြီး ပြန်လည်ပွင့်စေတဲ့အတွက် သွေးလှည့်ပတ်မှု ကောင်းမွန်လာကာ မျက်နှာကို ကြည်လင်တောက်ပစေပါတယ်။

မျက်နှာရေခဲစိမ်တဲ့အခါမှာ ရေခဲတုံးပြုလုပ်တဲ့ ခွက်နဲ့ ရေဟာ သန့်ရှင်းဖို့ အလွန်အရေးကြီးပါတယ်။ တကယ်လို့အသားအရေက အလွန်ပါးပြီး ထိခိုက်လွယ်တဲ့ အသားအရေဆိုရင် မပြုလုပ်သင့်ပါဘူး။ **Daisy**

## အသားညို၊ အသားဝါတဲ့သူတွေနဲ့ လိုက်ဖက်မယ့်အရောင်များ

မြန်မာအမျိုးသမီးအများစုဟာ အသားညို(သို့မဟုတ်)အသားဝါကြတဲ့အတွက် ကိုယ့်အသားအရေကို ပိုပြီးတောက်ပစေမယ့် အရောင်တွေကို ရွေးချယ်တတ်ဖို့လိုပါတယ်။ အရောင်ရွေးချယ်မှုမှားနေရင် အသားအရေက ပိုညို၊ ပိုမည်းပြီး မှိန်သွားတာမျိုးတွေဖြစ်သွားတတ်တာကြောင့် ပိုပြီးပေါ်လွင်စေမယ့် အရောင်တွေကို အောက်မှာ ခွဲခြားပေးထားပါတယ်။

**(၁) အသားညိုသူများအတွက်**

အသားညိုသူတွေအနေနဲ့ အရောင်ရင့်ရင့်တွေနဲ့ Earthy Tones တွေကို ဝတ်ဆင်ရင် ပိုပြီးကြော့ရှင်းစေပါတယ်။ ရွှေရောင်နှင့် အဝါရင့်ရောင်တွေက အသားညိုသူတွေနဲ့ အလိုက်ဖက်ဆုံးအရောင်ဖြစ်ပြီး အသားကို ပိုပြီးဝင်းပစေပါတယ်။ အရောင်တောက်တောက် မြစိမ်းရောင်က အသားညိုသူတွေကို အဆင့်အတန်းမြင့်တဲ့ ပုံစံပေါက်စေပါတယ်။ အနီရင့်ရောင်၊ နီညိုရောင်က အသားကို မမှောင်စေဘဲ ပိုပြီးကြည်လင်တဲ့အသွင်ကို ပေးပါတယ်။ ဖြူလွန်းတဲ့ White ထက်စာရင် Cream ရောင်က အသားညိုသူတွေနဲ့ ပိုလိုက်ဖက်ပြီး ဆွဲဆောင်မှုရှိစေပါတယ်။

**(၂) အသားဝါသူများအတွက်**

မြန်မာအမျိုးသမီး အများစုမှာရှိတဲ့ အဝါရောင်အသားရေဟာ နွေးထွေးတဲ့အရောင်(Warm Colors)တွေနဲ့ အလွန်လိုက်ဖက်ပါတယ်။ လိမ္မော်ရောင်နဲ့ သနပ်ခါးရောင်တွေက ကျန်းမာတဲ့ အသွင်ဖြစ်အောင် ကူညီပေးပါတယ်။ စိမ်းပြာရောင်က အသားဝါသူတွေကို ပိုပြီးလန်းဆန်းစေတဲ့ ပုံပေါက်စေပါတယ်။ အသားအရောင်ကို ပိုပြီးတောက်ပစေချင်ရင် ပန်းရင့်ရောင်ကို ရွေးချယ်ပါ။

**(၃)ရှောင်သင့်တဲ့အရောင်များ**

အလွန်တောက်လွန်းတဲ့ နီယွန်အရောင်တွေက အသားကို မဲ့ခြောက်သွားစေနိုင်ပါတယ်။ မီးခိုးပြာရောင်က အသားညိုသူတွေကို ဖြူဖပ်ဖြူရော်နဲ့ လူမမာပုံစံ ဖြစ်သွားစေတတ်ပါတယ်။ အလွန်ဖျော့တဲ့ ပန်းရောင်နု၊ အပြာနုတွေက အသားဝါသူတွေကို ပိုပြီး ညှိုးမှိန်သွားစေနိုင်ပါတယ်။ တကယ်လို့ ဝတ်ချင်ရင်တော့ အနားကွပ် (ဒါမှမဟုတ်) အဆင်လေးတွေနဲ့ ရောဝတ်ပါ။

ဘယ်အရောင်တွေက ကိုယ့်အသားအရောင်နဲ့ လိုက်၊ မလိုက်သိချင်ရင် အဝတ်စကို မေးစေ့အောက်မှာ ကပ်ကြည့်ပါ။အသားကို ပိုလင်းစေရင် လိုက်ဖက်ပြီး အသားကို မှောင်သွားစေရင် (ဒါမှမဟုတ်) မျက်ကွင်းညိုတာကို ပေါ်လွင်စေရင် အဲ့ဒီအရောင်ကို ရှောင်ပါ။ **Daisy**



## နှုတ်ခမ်းကို သဘာဝအတိုင်း ဖူးဖူးအိအိလေးဖြစ်ဖို့ ရိုးရှင်းတဲ့နည်းလမ်း

နှုတ်ခမ်းဖူးဖူးလေးတွေဟာ မျက်နှာရဲ့အလှကို အဓိကပံ့ပိုးပေးတဲ့ အစိတ်အပိုင်းဖြစ်တာကြောင့် အခုခေတ်မှာ နှုတ်ခမ်းဖူးဖူးလေးဖြစ်အောင် အလှအပဆေးခန်းတွေမှာ Filler ထိုးတာမျိုးတွေပြုလုပ်လာကြပါတယ်။ အဲ့ဒီလိုပြုလုပ်တာဟာ ငွေကုန်ကြေးကျလည်းများပြီး အပ်ကြောက်တဲ့သူတွေအတွက် အဆင်မပြေတာကြောင့် နှုတ်ခမ်းသားဖူးဖူးအိအိလေးဖြစ်အောင် သဘာဝနည်းလမ်းအတိုင်း ပြုလုပ်လို့ရပါတယ်။လိုအပ်တာတွေကတော့ နှုတ်ခမ်းအဆီ(သို့မဟုတ်)အုန်းဆီ (သို့မဟုတ်)သံလွင်ဆီတို့ပဲ ဖြစ်ပါတယ်။

အရင်ဆုံးလက်ကို စင်ကြယ်အောင်ဆေးပြီးရင် နှုတ်ခမ်းပေါ်က နှုတ်ခမ်းနီတွေနဲ့ အညစ်အကြေးတွေကို ဖယ်ထားပါ။နှုတ်ခမ်းက ဆဲလ်သေတွေရှိနေရင် ဘယ်လိုနိုပ်နိုပ် ဖူးအိမလာတတ်ပါဘူး။ ဒါကြောင့် တစ်ပတ် နှစ်ကြိမ်လောက်(Lip Scrub)သကြားနဲ့ ပျားရည်ရောပြီး နှုတ်ခမ်းကို Scrub လုပ်ပေးဖို့လိုပါတယ်။

ပြီးရင် နှုတ်ခမ်းပေါ်မှာ နှုတ်ခမ်းအဆီ(Lip Balm)(သို့မဟုတ်) အုန်းဆီ (သို့မဟုတ်) သံလွင်ဆီ ခပ်ရွှဲရွှဲလေးလိမ်းထားပြီးရင် လက်ညှိုးနဲ့ လက်ခလယ်ကို သုံးပြီး နှုတ်ခမ်းပေါ်ကို ခပ်ဖော့ဖော့အနေအထားနဲ့ အသာအယာဖိပေးပါ။တစ်မိနစ်လောက်လုပ်ပေးရင် နှုတ်ခမ်းဆီ သွေးစီးဆင်းမှုကောင်းလာပြီး ပန်းရောင်သန်းလာပါလိမ့်မယ်။ လက်ညှိုးကိုသုံးပြီး နှုတ်ခမ်းအလယ်ကနေ ဘေးထောင့်တွေကို စက်ဝိုင်းပုံစံ အသာအယာဖိပြီး နိုပ်ပေးပါ။ အပေါ်နှုတ်ခမ်းရော အောက်နှုတ်ခမ်းရောကို လုပ်ပေးရပါမယ်။

နိုပ်နယ်လို့ ပြီးသွားတဲ့အခါ နှုတ်ခမ်းက နည်းနည်းလေး ပူရှိန်းရှိန်းဖြစ်နေနိုင်ပါတယ်။ ဒါက သွေးလည်ပတ်မှု ကောင်းသွားတာဖြစ်လို့ စိတ်ပူစရာမလိုပါဘူး။ ပြီးရင်တော့ အစိုဓာတ်ကို ပိတ်လှောင်ထားဖို့ Vaseline (သို့မဟုတ်)Lip Mask တစ်ထပ်ထပ်လိမ်းပေးလိုက်ပါ။

ဒီနည်းလမ်းက ရိုးရှင်းပြီး အချိန်လည်းပေးစရာမလိုတာကြောင့် နေ့စဉ်ပြုလုပ်ပေးမယ်ဆိုရင် နှစ်ပတ်လောက်ဆိုရင် ဆွဲဆောင်မှုရှိပြီး လှပတဲ့ ဖူးဖူးအိအိ နှုတ်ခမ်းတစ်စုံ ဖြစ်လာမှာပါ။

**Daisy**



## ကာကွယ်ဆေးထိုးနှံမှု မြှင့်တင်ဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေး

**မိုင်းယောင်း ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က ကာကွယ်ဆေးထိုးနှံမှု မြှင့်တင်ဆောင်ရွက်နိုင်ရေး ရှင်းလင်းခြင်းနှင့် အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မိုးအေးချိုတို့ တက်ရောက်ခဲ့ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေါက်တာမင်းသိန်းက ကာကွယ်ဆေးထိုးနှံနိုင်ရေးနှင့် ကာကွယ်ဆေးထိုးနိုင်ရန် အားနည်းမှုမရှိစေရေး၊ ဒေသအလိုက် ကာကွယ်ဆေးထိုးနှံမှု မြှင့်တင်ဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းပြောကြားကာ ကာကွယ်ဆေးထိုးနှံမှုဆိုင်ရာများအကြောင်း အသိပညာပေး ဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ဗလမင်းထင်ခန်းမတွင် နာတာရှည်ရောဂါခံစားနေရသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းမိသားစုဝင် လေးဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ စီ၊ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်နေသော မိသားစုဝင်တစ်ဦးအတွက် ငွေကျပ် ၅၀၀၀၀ ပေးအပ်ခဲ့ပြီး ဆွေးနွေးပွဲသို့ စုစုပေါင်းအင်အား ၄၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

(၅၀၅)





## ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများ ထုတ်ပေးပြီးဖြစ်

**မန္တလေး ဖေဖော်ဝါရီ ၂၈**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် စာစစ်ဌာန ခြောက်ခုရှိပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား ဖေဖော်ဝါရီ ၂၃ ရက်မှစတင်၍ သက်ဆိုင်ရာ စာစစ်ဌာနအသီးသီးတွင် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများ ဆက်လက်ထုတ်ပေးလျက်ရှိသည်။

ချမ်းမြသာစည်မြို့နယ်အနေဖြင့် အ.ထ.က (၇)၊ အ.ထ.က (ခွဲ)လ(၁၃)၊ အ.ထ.က(ခွဲ)လ(၃)၊ အ.ထ.က(၃၀)၊ အ.ထ.က (၃၄)နှင့် အ.ထ.က(၂၈) စာစစ်ဌာန ခြောက်ခုရှိသည့်အနက် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် အစိုးရအခြေခံပညာအထက်တန်းကျောင်း ၁၂ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတစ်ကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်း ၂၁ ကျောင်း၊ စုစုပေါင်း ၃၄ ကျောင်းရှိပြီး တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ၁၃၂၄ ဦး၊ ကျောင်းသူ ၁၆၆၈ ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၉၉၂ ဦး ရှိသည့်အနက် တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများ ၂၅၀၀ ကျော် ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **(အပေါ်ပုံ)**

**အလင်းသစ်**

**(ချမ်း/စည်-ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

## သက်ကြီးရွယ်အိုများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ(Talk Show) ကျင်းပ

**မြို့သစ် ဖေဖော်ဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် သက်ကြီးရွယ်အိုများနှင့်ပတ်သက်၍ အသိပညာဗဟုသုတ ရရှိနိုင်စေရန်အတွက် သက်ကြီးရွယ်အိုများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ (Talk Show) ကို ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre)ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲ (Talk Show)တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်နှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းနုထွေးတို့က သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်၊ သက်ကြီးရွယ်အိုများ၏အသက်အရွယ်၊ သက်ကြီးရွယ်အိုများနှင့် သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေ၊ သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်လျှောက်ထားနိုင်မှုနှင့်လိုအပ်သည့် အချက်အလက်များ၊ သက်ကြီးရွယ်အိုများအတွက် ဘိုးဘွားရိပ်သာများ ဖွင့်လှစ်ပါက လျှောက်ထားရမည့်နေရာနှင့် သက်ကြီးရွယ်အိုများဆိုင်ရာအသိပညာပေးအကြောင်းအရာများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ဝင်းအိစွန်(ပြန်/ဆက်)**






ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## မိသားစု

* ချစ်ချစ်ခင်
ကြင်ကြင်နာနာ
ကြည်ဖြူမှုတာ
မိသားစုဘဝမှာ . . .။

* "အဖေ" ပြောစကား နားထောင်
"အမေ" ပြောစကား ဂရုစိုက်
စိတ်မိုက်တွေ ပယ်ရှား
ဆုံးမခြင်းများ နာခံ
နှုတ်လှန် မနှော
တုံ့ပြန် မပြောကြ
ညီအစ်ကို မောင်နှမ
ချစ်ကြင်ကြ၍
ထောက်ဆ, ညှာတာ
ပေးကူကာဖြင့်
ပိုင်းကာ ဝန်းကာ
ချိန်ခါမရွေး
အရေးတယူ
ကြည်ဖြူမှုတာ
ညီညာကြစို့
ဒို့က မိသားစုတွေဟေ့ . . .။ ။

မြခြူးအိမ်(ကိုလေး)

## စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး အသိပညာပေး ဟောပြောပွဲ၊ ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲ ကျင်းပ

**ကျောက်ဆည် ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ပရိသတ်မြှင့်တင်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက် ၁၀ နာရီက မုန့်ပေါင်းကျေးရွာ 'အလင်းသစ်' စာကြည့်တိုက်၌ အသိပညာပေး ဟောပြောပွဲ၊ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်များပြသခြင်းနှင့် ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲများ ကျင်းပခဲ့သည်။ **(ယာပုံ)**

အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက အချိန်ရှိခိုက်လုံ့လစိုက် ဆိုသည့်အတိုင်း ငယ်ရွယ်စဉ်ကပင် စာအုပ်၊ စာပေများကို ရှာဖွေဖတ်ရှုကြစေလိုကြောင်း၊ စာပေဖတ်ရှုခြင်းဖြင့် အတွေးအခေါ်မြင့်မားခြင်း၊ စဉ်းစားနိုင်မှုကောင်းပြီး အမှားအမှန်ကို ကောင်းစွာ ဆုံးဖြတ်နိုင်ခြင်း စသည့် စာပေ၏ အကျိုးကျေးဇူးများအကြောင်း အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများ ပြုလုပ်ခဲ့ရာ မုန့်ပေါင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ကျောက်ဆည်ခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူလေးများက ခင်းကျင်းပြသထားသည့် စာအုပ်များနှင့် နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

(၄၈၅)



# ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်မြတ်ကြီး၏ (၁၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**လားရှိုး ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၁)ရှိ "ဝိဇယဘူမိမဟာအောင်မြေမင်္ဂလာကုန်းတော်"တွင် တည်ထားကိုးကွယ်သည့် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်မြတ်ကြီး၏ (၁၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၈၇ ခုနှစ် မတ် ၂ ရက် တပေါင်းလပြည့်နေ့ နေ့လယ် ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။



ထိုသို့ ကျင်းပရာတွင် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း အလှူတော်မင်္ဂလာအခမ်းအနားများ ကျင်းပမည်ဖြစ်ရာ စေတနာရှင် သဒ္ဓါရှင် မိဘပြည်သူများအနေဖြင့် ကြွရောက်ကြည်ညိုသဒ္ဓါတရားပွားများနိုင်ကြောင်း ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် မြတ်ကြီး ဂေါပကအဖွဲ့ထံက သိရသည်။

(အပေါ်ဝဲပုံ)

လှမော်(ပြန်/ဆက်)



# အခွန်လွတ်သာသနာ့မြေဂရန် ဆက်ကပ်

**ပုသိမ်ကြီး ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာအုပ်စု၊ (၅၁၂/ကန်ကောက်ကန်တွင်းကွင်း)၊ ဦးပိုင်/မြေကွက်အမှတ် (၇၃/၁)၊ မြေဧရိယာ (၂ ဒသမ ၀၄) ဧကအား ယမန်နေ့က အောင်မြေသာစံ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက ပရိယတ္တိသာမဏေကျော် စာသင်တိုက် အမည်ဖြင့် သာသနာ့မြေဂရန် ထုတ်ပေးခဲ့သည်။

အဆိုပါအခွန်လွတ်သာသနာ့မြေဂရန်အား ဆရာတော် ဘဒ္ဒန္တအဘိဇယာလင်္ကာရာဘိဝံသထံသို့ ပရိယတ္တိသာမဏေကျော်စာသင်တိုက် အမည်ဖြင့် အခွန်လွတ်သာသနာ့ မြေဂရန် ဆက်ကပ်ပေးအပ်ခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

(အပေါ်ပုံ)

(၀၉၅)



# မုံ့ရွာမြို့ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး သံဃာ့ဒါနဆွမ်းလောင်း ဓမ္မာရုံဆေးသုတ်လုပ်ငန်း စတင်

**မုံ့ရွာ ဖေဖော်ဝါရီ ၂၈**

မုံ့ရွာမြို့ ဆုတောင်းပြည့် စေတီတော်မြတ်ကြီးဂေါပကအဖွဲ့မှ သာသနိကအဆောက်အအုံများကို ဘက်စုံမွမ်းမံဆောင်ရွက်လျက်ရှိရာ သံဃာ့ဒါနဆွမ်းလောင်းဓမ္မာရုံဆေးသုတ်လုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိသည်။

သံဃာ့ဒါန ဆွမ်းလောင်းဓမ္မာရုံသည် ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ မြောက်ဘက်တွင် တည်ရှိပြီး အလျား ၁၈၂ ပေ၊ အနံ ၂၂ ပေရှိ အခန်း ၃၀ ပါရှိသည်။ သံဃာ့ဒါနဆွမ်းလောင်းဓမ္မာရုံအတွင်း ဗုဒ္ဓမြတ်စွာဘုရား ဧတဒဂ်ပေးနေသည့်ပုံနှင့် ပဥ္စဝဂ္ဂီငါးဦးတို့အား တရားဦးဓမ္မစကြာဟောတော်မူပုံ၊ ဘုရားရှင်လက်ထက်က ဧတဒဂ်ရအရှင်မြတ်ကြီး ၄၁ ပါးပုံတော်၊ ဧတဒဂ်ထေရာထေရီကြီးများကို တစ်စုတစ်စည်းတည်း ဖူးမြော်နိုင်အောင်ရုပ်တုများ ထုလုပ်ကိုးကွယ်ထားသည်။

ဆုတောင်းပြည့်စေတီကို တတိယအကြိမ် ဦးဆောင်တည်ခဲ့သော ပထမလယ်တီဆရာတော်ကြီးနှင့် မိုးညှင်းဆရာတော်ကြီး မတ်ရပ်နှင့် ထိုင်လျက်ပုံတော်နှစ်ပုံစီ ထုလုပ်ပူဇော်ထားပြီး မဟာစည်ဆရာတော်၊ မင်းကွန်းဆရာတော်ကြီးများ၏ပုံတော်များကို ထုလုပ်ပူဇော်ထားသည်။

သံဃာ့ဒါန ဆွမ်းလောင်းဓမ္မာရုံကို မည်သူဆောက်လုပ်လှူဒါန်းခဲ့ကြောင်း မသိရသလို ၁၃၁၈ ခုနှစ်က မုံ့ရွာမီးကြီးလောင်စဉ်က အခြားသာသနိကအဆောက်အအုံများနှင့် အတူ သံဃာ့ဒါနဆွမ်းလောင်းဓမ္မာရုံကြီးလည်း မီးထဲပါသွားရာ ထိုနှစ်မှာပင် ဘုရားကြီးဂေါပကအဖွဲ့က ပြုပြင်ခဲ့သည်။

သံဃာ့ဒါနဆွမ်းလောင်းဓမ္မာရုံကို ၁၃၂၇ ခုနှစ်က တစ်ကြိမ်၊ ၁၃၄၉ ခုနှစ်က တစ်ကြိမ်၊ ၁၃၆၀ ပြည့်နှစ်က တစ်ကြိမ်၊ ၁၃၇၂ ခုနှစ်က တစ်ကြိမ် ဘုရားကြီးဂေါပကအဖွဲ့က ပြုပြင်ခဲ့ကြပြီး ယခုအခါတွင်လည်း ဘုရားကြီးဂေါပကအဖွဲ့က ဆုတောင်းပြည့်စေတီတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူအပြီးတွင် သာသနိကအဆောက်အအုံများကို ဘက်စုံမွမ်းမံဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) (၃၉၄)

# ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ တစ်နှစ်ခွဲအောက် ကလေးငယ်များအား ကာကွယ်ဆေး ထိုးနှံတိုက်ကျွေး

**မန္တလေး ဖေဖော်ဝါရီ ၂၈**

မန္တလေး၊ မဟာအောင်မြေမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ကျန်းမာရေးဆရာမများနှင့် သားဖွားဆရာမများက ကိုယ်ဝန်ဆောင် မိခင်များနှင့် မွေးကင်းစမှ တစ်နှစ်ခွဲအောက် ကလေးငယ်များအား ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီက စတင်၍ လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်းကို ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးရာတွင် မြို့ပေါ်(၁၈)ရပ်ကွက်ရှိ မွေးကင်းစမှ တစ်နှစ်ခွဲအောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများဖြစ်သည့် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင်ငါးမျိုးစပ်ကာကွယ်ဆေးနှင့် ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုး၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော(ရိုတာ)၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗွီ)နှင့် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးများကို အသက်အရွယ်အပိုင်းအခြားအလိုက် ထိုးနှံတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်၊ ဆုံဆို့ကာကွယ်ဆေးများကို ကျန်းမာရေးဝန်ထမ်းများက လစဉ်ပုံမှန်ထိုးနှံတိုက်ကျွေးပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင်လည်း ပုံမှန်ကာကွယ်ဆေးများကို စနစ်တကျ ထိုးနှံတိုက်ကျွေးပေးလျက်ရှိသည်။

ပြည်သူ့ကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမများနှင့်သားဖွားဆရာမများက ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ တစ်နှစ်ခွဲအောက် ကလေးငယ်များအား လစဉ် သတ်မှတ်ရက်များတွင် ကာကွယ်ဆေးများကို ဆက်လက်ထိုးနှံတိုက်ကျွေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(အောက်ပုံ) (၀၅၆)





# ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ အလှူငွေ လှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၂၈**

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် နန်းတော်ရှေ့ ဒေါနဘွားရပ်ကွက်ရှိ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ အလှူရှင် မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ကံ့သာယာရပ်ကွက်(ခခ-၄/၃၉)နေ ဦးမောင်မောင်+ဒေါ်တင်နွယ်အေးတို့က (မွေးနေ့အလှူ)အဖြစ် ဆေးပဒေသာပင် အလှူငွေကျပ်သုံးသိန်းကို ယမန်နေ့က ဆေးရုံအလှူခံဌာနတွင် လာရောက်လှူဒါန်းရာ ရုံးအုပ်ကြီး ဦးစိုးမြင့်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

(အပေါ်ပုံ)

ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ၆၂လမ်းနှင့် ၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာန ဖုန်း ၀၉-၈၉၂၉၅၃၀၈၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၁)

# နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ကင်းစင်ရေး အသိပညာပေး

**မိုင်းယောင်း ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမ၌ ယမန်နေ့က နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ကင်းစင်ရေးအသိပညာပေးဟောပြောခဲ့သည်။ (ယာပုံ)

ထိုသို့ ဟောပြောရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသက်ဆွေနှင့် အဖွဲ့ဝင်များက မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုကျန်းမာရေးသတိပြုစရာအကြောင်း၊ တောမီးလောင်ကျွမ်းမှုမရှိစေရေး သတိပြုရန်နှင့် တောင်ယာခုတ်ထွင် မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများအကြောင်းကို ဟောပြောခဲ့ကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနရုံး၌ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ကြောင်း သိရသည်။

(၅၀၅)



# ရွှေစာရံအကြောင်း ၵျန်ကို ပြောပြမယ်

ဆူးခက်နွယ်(မန္တလေး)

ၵျန် ရွှေစာရံဘုရားကို ရောက်ဖူးလားဟင်လို့ မေးတော့ မရောက်ဖူးဘူးတဲ့။

ၵျန်ရေ …

မန္တလေးမြို့နဲ့ မနီးမဝေး ဒုဋ္ဌဝတီမြစ်ကမ်းဘေးမှာ သာယာမှုအပေါင်း သရဖူဆောင်း ကျက်သရေခညောင်း ဆုတောင်းတွေလည်းပြည့်တဲ့ ရွှေစာရံဘုရားဆိုတာရှိတယ် နားဋ္ဌောင်းကျဘုရားလို့လည်း ခေါ်ကြတယ် ၵျန်ရဲ့။

ဘုရားပွဲအချိန်ကာလကတော့ တပေါင်းလပြည့်နေ့မှာ စတင်တယ်။ တစ်ချိန်က လွမ်းမောဖွယ်ရာ အချစ်ဇာတ်လမ်းလေး၊ ရင်နင့်စရာရာဇဝင်လေး၊ အထင်ကရရှိခဲ့ဖူးတဲ့နေရာတစ်ခုဒါမှမဟုတ် အနော်ရထာရဲ့ နှလုံးသားတည်ရှိရာနေရာလေးဆိုရင်လည်း မမှားပါဘူး ၵျန်။

ရှမ်းမင်းသမီးလေးတစ်ယောက်ဟာ သူ့ချစ်သူကို အသည်းပေါက်မတတ် ချစ်လျက်နဲ့ မခွဲခွာချင်ဘဲ ခွဲခွာ၊ မစွန့်ခွာချင်ဘဲ စွန့်ခွာ၊ ချစ်သူရဲ့အမိန့်ရာဇသံကို တစ်ချက်မငြိုငြင် မနာကြည်းရက်ဘဲ အချစ်သက်သေကို အဓိဋ္ဌာန်မေတ္တာပွားပြီး သစ္စာတရားတွေနဲ့ ချုပြသွားခဲ့တယ် ၵျန်ရေ……

အချစ်ကို လေးလေးနက်နက် ချစ်တတ်ကြသူတိုင်း မေတ္တာတရားကို တန်ဖိုးထားတတ်သူတိုင်းရဲ့ရင်ထဲမှာ ရှမ်းမင်းသမီးလေး စောမွန်လှရဲ့ရာဇဝင်လေးရှိတယ် ၵျန်။

အနော်ရထာရဲ့နှလုံးသား မိဖုရားစောမွန်လှတည်ထားတော်မူခဲ့တဲ့ဘုရားကို သစ္စာအဓိဋ္ဌာန်ရွှေစာရံလို့ အမည်တွင်ထားခဲ့ကြတယ်လေ။

ဒီဘုရားဟာ ဆုတောင်းတွေပြည့်တယ်၊ အဓိဋ္ဌာန်တွေအောင်တယ်လို့လည်း အထင်အရှားသိခဲ့ကြပြန်တော့ ပုဂံခေတ်သမိုင်းထဲက အထင်ကရရှိခဲ့ပြီး ခေတ်အဆက်ဆက်မှ ယနေ့အထိ နှစ်စဉ်နှစ်တိုင်း ဘုရားပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့တာ နှစ်ပေါင်းဆယ်ချီအလီလီကြာခဲ့ပေါ့။

ဩော် … နှစ်စဉ်နှစ်တိုင်းဆိုလို့ ပြောရဦးမယ် ၵျန်ရေ…။

ကမ္ဘာတစ်ဝန်း ကူးစက်ရောဂါတွေကြောင့် ကိုဗစ်ကာလ(Covid-19) တွေမှာ အစဉ်အလာရှိတဲ့ ဘုရားပွဲတော်ကြီး လေးနှစ်အကြာအထိ မကျင်းပနိုင်ခဲ့ဘူး။

**(၂၄-၃-၂၀၂၄)ရက်မှာတော့**

သစ္စာအဓိဋ္ဌာန် ရွှေစာရံမြတ်ဘုရား၊ ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားနဲ့ ဓီဝိတဒါန ငါးလွှတ်ပွဲ အခမ်းအနားကို (၇၆)ကြိမ်မြောက် ကျင်းပနိုင်ခဲ့တယ် ၵျန်ရေ။

ဒီအခမ်းအနားမှာဆိုရင် ခရိုင်/မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၀၀ ဦးခန့် တက်ရောက်ခဲ့ပြီး ဒုဋ္ဌဝတီမြစ်ဆိပ်မှာ ငါးမြစ်ချင်း ငါးအကောင်ရေနှစ်သောင်းကို ဓီဝိတဒါန ငါးလွှတ်ခြင်း၊ ရွှေစာရံဘုရားအားဖူးမြော်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ခြင်းများ၊ မြန်မာ့ခြင်းလုံး၊ အလှပြ ခတ်ခြင်းများနဲ့ ဗုဒ္ဓသန္တကမဟာဓမ္မဗိမာန်တော်ကြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ဃောသိတ အမှူးပြုပင့်သံဃာ ၁၅ ပါးထံမှ ငါးပါးသီလခံယူကာ ဆွမ်း၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိခဲ့ရတယ် ၵျန်ရေ။

ဘုရားပွဲရက်တွေမှာ အနယ်နယ်အရပ်ရပ်က ဘုရားဖူးများစွာ လာရောက်ကြလို့ ကြက်ပျံမကျ စည်ကားမှန်းသိထားတဲ့ ကျွန်မက ဘုရားပွဲရက်များမစခင် တစ်လလောက်ထဲက ရွှေစာရံကို အရောက်လာခဲ့တာပေါ့ရှင်။

ပွဲမတိုင်မီ နှစ်လလောက်ထဲက ဘုရားဖူးများ၊ ခရီးသွားများ၊ ဈေးသည်များနဲ့ ဘုရားပွဲဟာ ပွဲရက်တောင်မစသေးဘဲ စည်ကားလွန်းလို့နေတယ်။ အနယ်နယ်အရပ်ရပ်နယ်ပေါင်းစုံက နှစ်စဉ် လာရောင်းကြတဲ့ ဈေးသည်တွေ၊ ဈေးဆိုင်ခန်းတွေ အများကြီးကို မြင်တွေ့ရတော့ ကျွန်မ ပိုအံ့သြသွားမိတယ် ၵျန်ရေ။

ရွှေစာရံဘုရားပွဲကို သူတို့ဘယ်လောက်ခင်တွယ်၊ သူတို့ဘယ်လောက်တောင် အလေးအမြတ်တန်ဖိုးထားပြီး ဘယ်လောက်တောင် ဝီရိယကောင်းကြလဲဆိုတာ သက်သေတစ်ခုပါပဲနော်။

ရွှေစာရံမုခ်ဦးရှေ့အရောက်မှာ အရင်ဆုံးဆိုင်ကယ်ကို အပ်လိုက်တယ်။ မုခ်ဦးအတွင်းဝင်လာတော့ ညာဘက်ခြမ်းမှာ ဈေးသည်လေးတွေက လှမ်းအော်ခေါ်နေကြတယ်။ အုန်းသီး၊ ငှက်ပျောသီး၊ ကန်တော့ပွဲ၊ သစ်သီးစုံကန်တော့ပွဲ၊ နွားနို့ပေါက်ပေါက်၊ ပေါင်းတော်၊ ခြုံပဝါအစုံရောင်းတဲ့ ဆိုင်လေးတွေ တန်းစီနေတယ်။

ကျွန်မက ဘုရားလှူဖို့ သစ်သီးကိုးမျိုးကန်တော့ပွဲတစ်ပွဲနဲ့ အစ်မတော်အတွက် ငှက်ပျောသုံးဖီးပွဲတစ်ပွဲ၊ ပေါင်းတော်တစ်ခု၊ ခြုံပဝါတစ်ထည်ပေးပါဆိုတော့ အစ်မရေ နဂါးစာလေးရော အားပေးပါဦးလားတဲ့။ ရတယ်ရတယ် ညီမရေ တစ်ခါတည်း ထည့်လိုက်ပါ။ နွားနို့ထဲ နှင်းဆီပန်းတွေ မရောဘဲ ပန်းသပ်သပ် ယူခဲ့ပေးပါလို့ မှာလိုက်တယ်။ ဘုရားကို အရင်ဆုံးဖူးမြော်တယ်။ သစ်သီးစုံကန်တော့ပွဲလေးကပ်ပြီး ဘက်စုံအလှူအောင်ပွဲ အလှူခံပုံးထဲကို အလှူငွေထည့် ကုသိုလ်ယူပြီး ဘုရားကြီး ဖူးမြော်ကန်တော့နေချိန်မှာ အေးချမ်းလှတဲ့လေနဲ့အတူ သနပ်ခါးမွှေးရနံ့ ရလိုက်သလိုပဲ ရင်ထဲ ကြည်နူးချမ်းမြေ့ပြီး လေပြည်လေးက ပွတ်သပ်တိုက်ခတ်သွားလိုက်တာ ရင်ထဲက အပူတွေပါ ပုတ်ထုတ်လွှင့်ပြယ်သွားသလိုပါပဲ ၵျန်ရေ။

ဘုရားအရှေ့ထောင့်လေးမှာရှိတဲ့ မင်းသမီးလေး စောမွန်လှရုပ်တုကို ဝယ်လာတဲ့ ခေါင်းပေါင်းတော်၊ ခြုံထည်တော်ဆက်သပြီး ကန်တော့ပွဲလေးနဲ့ ဆုတောင်းအဓိဋ္ဌာန်ခဲ့တာပေါ့။ နောက်နှစ်နောက်နှစ် အစ်မတော်ရဲ့ပွဲတော်ကို ၵျန်နဲ့အတူတူ လာရပါစေကြောင်း အပူကပ်ခဲ့ပါသေးတယ်နော်။ ကန်တော့ပွဲနဲ့ ပူဇော်တယ်ဆိုရာမှာလည်း ၵျန်သိအောင်ပြောပြရဦးမယ် ၵျန်ရဲ့….

စောမွန်လှမင်းသမီးဟာ နတ်မဟုတ်ပါဘူး၊ နတ်မဟုတ်သလို သိုက်နန်းရှင်လည်းမဟုတ်ပါဘူး။ သူပြုမူခဲ့ သူကြိုးစားအားထုတ်ခဲ့တဲ့တရားတွေ လောကုတ္တရာတရားတွေ၊ ယဉ်ကျေးသိမ်မွေ့မှုတွေ၊ ဘာသာတရားကိုင်းရှိုင်းမှုတွေနဲ့ အေးချမ်းစွာ နေတတ်တဲ့သူမို့ ဘုရားတည်ခဲ့သော ကုသိုလ်ရှင် မင်းသမီးအဖြစ် မှတ်တမ်းတင် အောက်မေ့သတိတရ ဆက်ကပ်ကြတာ ဖြစ်တယ်နော်။

အစ်မတော်စောမွန်လှကို ကန်တော့ပွဲကပ်ပြီး ဘုရားကို တစ်ပတ်ပတ်ဖူးလိုက်တယ်။ နွေနေပူပြင်းသလို လေပြည်ကလည်း တဟူးဟူးတိုက်ခတ်လို့ စေတီတော်အမြင့်ဆီက ဆည်းလည်းသံတချွင်ချွင်ကိုလည်း သာယာနာပျော်ဖွယ်ကြားနေရတယ်။

တစ်ပတ်လှည့်လည်ရင်း နဂါးရုံဘုရားနားက နတ်ခန်းမှာ နဂါးမယ်တော်အတွက် နွားနို့ပေါက်ပေါက် နှင်းဆီပန်းလှူခဲ့တယ်။ ရှမ်းမင်းသမီးလေးက လူချစ်လူခင်ပေါများသူဖြစ်သလို မင်းသမီးရဲ့ပုံတူရုပ်တုက အပြုံးဟာ ဘယ်ရုပ်တုနဲ့မှမတူအောင် အသက်ဝင်လှပနေတဲ့ ထူးခြားချက်ကိုလည်း သတိထားမိခဲ့တယ် ၵျန်ရေ။

မင်းသမီးအတွက် ရည်စူးပြီး ရုပ်တုလေးမှာ အစိမ်း၊ အဝါ၊ အပြာ အစရှိတဲ့ ရောင်စုံ ဝတ်စုံတော်တွေ လှူဒါန်းထားကြတာကိုလည်း တွေ့ရတယ်။ အဲ့ဒီနောက် ဘုရားပွဲဈေးကြီးကို တစ်ပတ်ပတ်ကြည့်ဖြစ်တယ်။ ရိုးရာလေ့စားသောက်ဖွယ်တွေနဲ့ လက်ဆောင်ပေးချင်စရာကောင်းလှတဲ့ ငါးရုပ်လေးတွေ၊ ဘူးသီးခြောက်တွေ၊ လွယ်ပလိုင်းလေးတွေ၊ ထန်းရွက်ပုတီးလေးတွေ၊ ကြက်သွန်ဖြူ နနွင်းတက်၊ ဂျင်း၊ တောတောင်ထဲက ဆေးမြစ်၊ သစ်ဥ၊ သစ်ဖုတွေ၊ တရော်၊ ကင်ပွန်းသီး စတဲ့ ရေးပြမကုန် အမယ်စုံကို ငေးမောနေရလောက်အောင် မြင်တွေ့ရတော့တယ်။ ကျွန်မကတော့ ခတ်ပုံရိုက်ဖို့ရာ ထန်းရွက်ပုတီးအရောင်စုံ ဆယ်ကုံးလောက်နဲ့ လွယ်ပလိုင်းပန်းပြာလေးကို အမှတ်တရ ဝယ်ခဲ့တယ်။ ပြီးတော့ …

နားဋ္ဌောင်းကျရာအရပ်ဖြစ်တဲ့နေရာ နားဋ္ဌောင်းကျဘုရားနဲ့ ရွှေစေတီ၊ ငွေစေတီ၊ နဂါးရုံဘုရားရှိရာဆီကို စက်လှေလေးစီးပြီး သွားခဲ့တာပေါ့ စက်လှေစီးခလေးတွေက လူတစ်ယောက်ကို အသွား၊ အပြန် သုံးထောင်ကျသင့်ပြီး စက်လှေတစ်စီးလုံးငှားမယ်ဆိုရင်တော့ အသွား၊ အပြန်မှ တစ်သောင်းခွဲကျပ်သာ ကျတယ်။ ကျွန်မက ဓာတ်ပုံလည်း ရိုက်ချင်၊ လွတ်လွတ်လပ်လပ် ရေပေါ်မှာ လေညင်းလေးရှူချင်၊ လှေစီးရင်း ဟိုငေးဒီငေး အတွေးလေးလည်း ဖြန့်ချင်၊ ရေပြင်က ရေစီးသံနဲ့ ရေပြင် သဘာဝအလှတရားကြီးကိုလည်း တဝကြီး ကြည့်ချင်တာမို့ လှေတစ်စီးလုံးငှားပြီး သွားလိုက်တယ်။

စက်လှေမောင်းတဲ့လူကလေးနာမည်က ဖိုးကျော်တဲ့ ရိုးသားသဘောကောင်းပြီး စိတ်ရှည်တယ် သူ့နဲ့အတူ သူ့အမေ ဒေါ်စန်းကပါ အဖော်လိုက်ကူလုပ်အားကူပါတယ်တဲ့။

နားဋ္ဌောင်းကျဘုရားကို ဖူးပြီး စက်လှေနဲ့ အပြန်မှာ စိမ်းပြာပြာဒုဋ္ဌဝတီမြစ်ထဲ အုန်းလက်တွေ၊ ထန်းလက်တွေနဲ့ မိုးကာထားတဲ့ ရေကစားမဏ္ဍပ်တွေကို တွေ့ရတော့ ရေထဲဆင်း ရေကစား၊ မုန့်တွေဝယ်စား၊ အချိုရည်သောက်၊ စက်လှေတွေနဲ့ ရေထဲမှာ ဓာတ်ပုံတွေ အားရပါးရ ရိုက်ပြီး ပြန်ခဲ့တော့တယ် ၵျန်။

ၵျန်ရေ …

အနော်ရထာရဲ့နှလုံးသားတည်ရှိရာ အရပ်က လှပဖွယ်၊ လွမ်းမောဖွယ်ရာတွေကို သိပြီးပြီဆိုတော့ အနှစ်ချုပ်အားဖြင့် ရာဇဝင်ထဲက ရှမ်းမင်းသမီးလေးအကြောင်းကို ပြောပြတော့မယ်နော်။

ရှမ်းမင်းသမီးလေးစောမွန်လှရဲ့ သမိုင်းရာဇဝင်လေးကတော့ ဒီလိုပါၵျန်

သက္ကရာဇ် ၄၁၈ မှာ ပုဂံပြည့်ရှင် အနော်ရထာမင်းစောဟာ တရုတ်ပြည် ဂန္ဓလရာဇ(ဂန္ဓလရာဇ်)ကို သွားရောက်ပြီး ဗုဒ္ဓမြတ်စွယ်တော်အစစ်ကို ဖူးမြော်ခဲ့တယ်။ အပြန်မှာ တရုတ်မင်းဥတည်ဘွားလက်ဆောင်ပေးတဲ့ မြဘုရားတစ်ဆူပင့်ဆောင်ပြီး တရုတ်ပြည်က အပြန်မှာ စယ်လန့်နဲ့ မဝေးလှတဲ့ ရွှေလီမြစ်ကမ်းက ဟိုလောင်းရွာကလေးမှာ စခန်းချနေပါတယ်။ အဲ့ဒီလို စခန်းချနားနေစဉ်မှာ ရှမ်းတို့ရဲ့ ဥသျှောင် စယ်လန့်စော်ဘွား စဝ်ဆေဟုံဖနဲ့ ချစ်ကြည်ရင်းနှီးစွာ တွေ့ဆုံကြပါတယ်။ ဘုရင်မင်းဧကရာဇ်များရဲ့ထုံးစံ နှစ်နိုင်ငံချစ်ကြည်ရေးအတွက် လက်ဆောင်ပဏ္ဏာပေးဆက်ကြရိုး ထုံးစံရှိကြတော့ ရှမ်းမြန်မာ နှစ်ပြည်ထောင်ချစ်ကြည်ရေးအတွက် အချောအလှသမီးတော် စောမွန်လှကို ပုဂံပြည့်ရှင် အနော်ရထာ ဘုရင်ဆီ ဆက်သခဲ့တယ်။ အနော်ရထာမင်းကြီး ပုဂံပြည် ပြန်အကြွမှာတော့ စောမွန်လှမင်းသမီးလေးကို စုလျားရစ်ပတ် လက်ထပ်ထိမ်းမြား သိမ်းမြန်းလို့ ရွှေနန်းတော်ကြီးဆီ ခေါ်ဆောင်သွားပါတော့တယ်။

စော်ဘွားကြီး စဝ်ဆေဟုံဖနဲ့ မိဖုရားအဂ္ဂမဟေသီဒေဝီတို့က သက္ကရာဇ် ၃၉၅ မှာ သမီးတော်လေး စောမွန်လှကို မွေးဖွားခဲ့တယ်။ ရှမ်းပြည်မြောက်ပိုင်း မူဆယ်မြို့အနီး စယ်လန့်ရွာလေးမှာ မွေးဖွားခဲ့တဲ့ စောမွန်လှမင်းသမီးလေးဟာ ချောမောလှပပြီး မိန်းမကောင်း မိန်းမမြတ်ကြန်အင်လက္ခဏာနဲ့ပြည့်စုံ ဂုဏ်ကျက်သရေရှိလှသူဖြစ်တယ်။ ယဉ်ကျေးသိမ်မွေ့ပြီး ဘုရားတရားလည်း ကိုင်းရှိုင်းတယ် သူ့ခမည်းတော်စော်ဘွားကြီးက ပုဂံပြည့်ရှင် အနော်ရထာမင်းဆီဆက်သအပ်နှင်းတော့လည်း မောရှမ်းမြေ စယ်လန့်ရွာက မိသားစုဆွေမျိုးတွေကို စွန့်ခွာပြီး ပုဂံနန်းတော်ကြီးဆီ လိုက်ပါခဲ့ရတယ်။

အနော်ရထာမင်းကလည်း ရှမ်းမင်းသမီးလေးစောမွန်လှကို ချစ်ခင်စုံမက်လှတယ်။ အနော်ရထာမင်းစောဟာ ရှမ်းမင်းသမီးကို မြတ်နိုးတော်မူလှတဲ့အတွက် နန်းတော်ထဲမှာ မိဖုရားအချင်းချင်း မနာလိုမုန်းတီးမှုတွေ ပေါ်ပေါက်ခဲ့ပါတော့တယ်တဲ့ ၵျန်ရေ။

မိဖုရားစောမွန်လှရဲ့ နားတောင်းတော်မှာ မွေတော်ကိန်းဝပ်တော်မူပြီး ရောင်ခြည်တော်ကွန့်မြူးတာကိုမြင်တော့ နန်းတွင်းထဲက မောင်းမမိဿံတွေနဲ့ မိဖုရားတချို့ရဲ့ မနာလိုမုန်းတီးစိတ်တွေ အကွက်ဝင်သွားပါတော့တယ်။ စောမွန်လှမိဖုရားဟာ သာမန်လူမဟုတ် စုန်းကဝေလို့ စွပ်စွဲပြီး မင်းကြီးဆီကို မဟုတ်မမှန် လျှောက်တင်ကြလို့ နဖူးစာရေစက် တစ်ခန်းရပ် ဒီတင်ပြတ်ဖို့ ကံကြမ္မာဖန်လေခဲ့သလားကွယ်။

ဘာသာတရားကိုင်းရှိုင်းပြီး ဘုရားတရားနဲ့ အေးအေးချမ်းချမ်းနေတတ်ခဲ့တဲ့ စောမွန်လှမိဖုရားလေးဘဝဟာ နန်းတော်ကြီးထဲနေပြီး ကြာလေလေ စိတ်မချမ်းမြေ့စရာများ ကြုံရလေလေဖြစ်လာခဲ့တယ်။ ဒါကြောင့် 'သူမကို မယုံကြည်ဘူးဆိုခဲ့ရင် နန်းတော်ကနေ ထွက်ခွာခွင့်ပြုပါ၊ သူမ မရှိခဲ့ရင် နန်းတော်တွင်းမှာ ပိုပြီးငြိမ်းချမ်းလိမ့်မယ်။ မွေးရပ်ဌာနေ မောရှမ်းမြေကို ပြန်ပါရစေ'လို့ အနော်ရထာမင်းကြီးထံ ခွင့်တောင်းတော့ အနော်ရထာဘုရင်က နန်းတွင်းမိဖုရားတချို့ရဲ့ သံသယတွေ ဆက်မကြီးထွားစေချင်တာကြောင့်လား။

စာမျက်နှာ ၁၈ သို့ ➤



## လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မြစ်သား ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က လူကုန်ကူးမှု တားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် လူကုန်ကူးမှု အဓိပ္ပာယ်၊ လူကုန်ကူးမှုပပျောက်ဖို့ ပူးပေါင်း ဆောင်ရွက်ရမည့် အကြောင်းအရာများကို ဟောပြောခဲ့ပြီး မြစ်သားမြို့မရဲစခန်းမှ ဒုရဲအုပ် အောင်ကျော်ဆင့်က လူကုန်ကူးမှုအမျိုးအစားများ၊ လူကုန်ကူးမှု စုဆောင်းပေးသည့် နည်းလမ်းများ၊ ပြစ်မှု၊ ပြစ်ဒဏ်များနှင့် ကာကွယ်ရမည့် နည်းလမ်းများအကြောင်းကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်ပြပွဲကို စာပေဝါသနာရှင်များက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့သည်။

အသိပညာပေးဟောပြောပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ရပ်ကွက်၊ ကျေးရွာစာရေးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ဝါဝါမြင့်(မြစ်သား)**

## ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မိုင်းယောင်း ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် ယမန်နေ့က ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမ၌ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စုစုပေါင်းအင်အား ၇၂ ဦးဖြင့် ကျင်းပသည်။

ထို့ပြင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးသည် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မျိုးအေးချို၊ မြို့နယ်မိခင်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့်အတူ အမှတ်(၄)ရပ်ကွက်၌ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဟိုခုံပရိယတ္တိစာသင်တိုက် ဆရာတော်အားလည်းကောင်း၊ မိုင်းဟန်ကျေးရွာ၌ ထေရဝါဒဗုဒ္ဓသာသနာပြု(မိုင်းဟန်)ကျောင်းဆရာတော်အားလည်းကောင်း သွားရောက်ဖူးမြော်ကြည်ညိုကြပြီး သာသနာတော်ဆိုင်ရာများကို လျှောက်ထား သည်။

ထို့နောက် ဖုန်းလိုင်းမမိသည့် မိုင်းဟန်၊ ပန်မကြူနှင့် ဝမ်ဖကျေးရွာများတွင် WiFi ရရှိအောင် ပေါင်းစပ်ဆောင်ရွက်ပေးသည့်အတွက် ယခုအခါ အဆိုပါကျေးရွာများတွင် WiFi ရရှိ၍ ပြည်သူများ ဝမ်းသာပျော်ရွှင်ပီတိဖြစ်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေးပြီး Grade-5 ဖြေဆိုသည့် နမ့်ဆီလင်းနှင့် ဝမ်ဖကျေးရွာတို့မှ ကျောင်းသား၊ ကျောင်းသူ ခုနစ်ဦးကို အားပေးစကားပြောကြား၍ ထောက်ပံ့ငွေ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၅၀၅)**



## ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက်မြင့်မားရေး ဆွေးနွေးပွဲ ကျင်းပ

**ကျောက်ဆည် ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် မြင့်မားရေးအတွက် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပခဲ့သည်။



ဆွေးနွေးပွဲတွင် မန္တလေးတက္ကသိုလ်နှင့် ကျောက်ဆည်တက္ကသိုလ်တို့မှ ပါမောက္ခဌာနမှူး ဆရာမကြီးများက တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ဘောဂဗေဒဘာသာရပ်များကို အောင်မြင်စွာ ဖြေဆိုနိုင်ရေးအတွက် သင်ကြားပို့ချ ဆွေးနွေးခဲ့ရာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူ လူဦးရေ ၃၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**(၄၈၅)**

➤ စာမျက်နှာ ၁၇ မှ

စောမွန်လှမင်းသမီး စိတ်မချမ်းမြေ့တာကို ကြာရှည်မမြင်ဝံ့လို့လား သေချာမသိနိုင်ပေမယ့် အနော်ရထာမင်းမြတ်က မိဖုရားစောမွန်လှကို ဇာတိမြေ ရှမ်းပြည်ကို ပြန်စေခဲ့ပါတယ်တဲ့ ဂျွန်ရယ်။

မနာလိုစိတ်ဆိုတာက သိပ်ကိုကြောက်စရာကောင်းလိုက်တာနော်။ မနာလိုသူတွေက ဘယ်နေရာဖြစ်ဖြစ် အပြစ်မြင်လို့ရသလို ဘယ်လောက်မှန်မှန်အပြစ်တင်လို့ မလွတ်အောင် ငြိုးမာန်ဖွဲ့မုန်းနိုင်ပါလားဆိုတာ သူတော်ကောင်းမင်းသမီးလေး စောမွန်လှရဲ့ဖြစ်အင်ကိုကြည့်ပြီး သုံးသပ်နိုင်ပါတယ် ဂျွန်ရေ။

မနာလိုသွေးထိုးစကား၊ ကုန်းတိုက်စကားတွေဟာ သိပ်ကိုကြောက်စရာကောင်းပြီး အဲ့ဒီလိုသွေးထိုးတတ်သူ၊ ကုန်းတိုက်စကားပြောတတ်သူတွေကို အပြင်လောကမှာလည်း ရှောင်သင့်ပါတယ် ဂျွန်ရေ။ နှစ်ဦးနှစ်ဖက်ဘယ်သူ့အတွက်မှ အကျိုးမရှိတဲ့ စကားတွေကို ကိုယ်နေရာရရေး၊ ကိုယ်မျက်နှာသာရရေးအတွက် အသုံးချနေကြတဲ့လူတွေကို လူလို့ အသိအမှတ်မပြုသင့်၊ လူတောထဲ လူရာမသွင်းသင့်တဲ့ လူယုတ်မာစိတ်ဓာတ်ရှိသူတွေဆိုတာတော့ ဂျွန်သိကိုသိထားရမယ်နော်။ သူတို့စကားကြောင့် အမိုက်က စ ပြာသာဒ်ထိ မီးလောင်နိုင်လို့ပါပဲ။ နောက်ပြီး မိန်းကလေးတစ်ယောက်ရဲ့အလှအပနဲ့ စိတ်ထားကောင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ ဘုရားတရားရှိသေကိုင်းရှိုင်းမှု၊ လူအားလုံးနဲ့လိုက်လျောညီထွေ ဆက်ဆံနေထိုင်တတ်မှုတွေဟာ တခြားသူအတွက် မကျေမလည် အမုန်းမီးတွေ တောက်လောင်စေပါလားလို့လည်း မင်းသမီးလေး စောမွန်လှဖြစ်ရပ်က အထင်အရှား သက်သေပြနေခဲ့ပါတယ် ဂျွန်။

မင်းသမီးလေးက သူ့အပေါ် အထင်အမြင်လွဲလို့ ပြန်ခွင့်တောင်းရပေမယ့်လည်း အနော်ရထာဘုရင်ရဲ့ချစ်ခင်နှစ်သက်ခြင်းကို ပြိုင်ဘက်ကင်းစွာ ရရှိထားခဲ့သူမို့ အခုလို ခွဲခွာသံယောဇဉ်ဖြတ်ရမှာကိုလည်း ဝမ်းနည်းယူကျုံးမရ ဖြစ်နေခဲ့တာပေါ့ ဂျွန်ရယ်။

မိန်းမတွေဆိုတာ အားငယ်တတ်သူ၊ အားနွဲ့တတ်သူမို့ စောမွန်လှမင်းသမီးလေးဟာလည်း မိန်းမသားထဲက မိန်းမတစ်ယောက်ပဲမို့ အားကိုးရာ အနော်ရထာသာရှိတဲ့ ပုဂံနန်းတွင်းဟာ သူ့အတွက် သူစိမ်းတို့ရဲ့အလယ်မှာလို ဖြစ်နေရှာမှာပါ။

မိန်းမကောင်းတွေဟာ တစ်ယောက်တည်းကို သာသစ္စာရှိပြီး မှီခိုအားကိုးပြီးနေကြပါတယ်။ အဲ့ဒီတစ်ယောက်တည်းအတွက် သစ္စာထားပြီး အဲ့ဒီတစ်ယောက်တည်းအတွက် ရှင်သန်ပြီး အဲ့ဒီတစ်ယောက်အတွက် ကာကွယ်ဖို့ စောမွန်လှရဲ့ ရိုးသားတဲ့စိတ်ထား၊ နူးညံ့တဲ့နှလုံးသားလေးဟာ ပြိုလဲပျက်စီး အရှုံးကြီးရှုံးခဲ့ရပြီး အမှန်တရားတွေက သိပ်ခါးတယ်ဆိုတာ ဒါသဘာဝတရားများလား ဂျွန်ရယ်။

ဒီလိုနဲ့ စောမွန်လှမိဖုရားဟာ အနော်ရထာဘုရင်ရဲ့စကားကိုနားထောင်ပြီး တည်ဆဲရွှေစည်းခုံဘုရား၊ ပုဂံနန်းတော်ကြီးနဲ့အနော်ရထာမင်းကို နောက်ဆုံးနှုတ်ဆက်ခြင်းနဲ့ဝမ်းနည်းကြေကွဲစွာ နှုတ်ဆက်အိမ်ပြန်ခဲ့ပါတော့တယ်။

(စယ်လန့်ရွာ၊ စောမွန်လှကျောင်းမှ ဆရာတော်နာဂိတရေးသားထားတဲ့ အတ္ထုပတ္တိမှာတော့ ပုဂံနန်းတော်ကြီးကနေ သန်မြန်စွာအမည်ရဆင်ကြီးကို စီးထွက်ခဲ့တယ်လို့ ဖတ်ကြားမှတ်သားခဲ့ရပါတယ် ဂျွန်ရေ)သန်မြန်စွာ ဝပ်တော်မူတဲ့အရပ်မှာ ခရီးတစ်ထောက်နားပြီး ချောင်းရေချိုးချိန်မှာ မင်းသမီးစောမွန်လှ နားတော်မှာ ပန်ထားတဲ့ နားဋ္ဌောင်းက ရောင်ခြည်ကွန့်မြူးအထက်သို့ ပျံတက်တော့ စာကလေးကျေးငှက်လေးတွေ ဝိုင်းရံခစားကြတယ်တဲ့။

ဗုဒ္ဓဘာသာကို မြတ်နိုးကိုးကွယ်ခဲ့သူ မင်းသမီးစောမွန်လှဟာ ပုဂံနေပြည်တော်မှ ရှမ်းတောင်တန်းများဆီသို့ ပြန်အလာလမ်းတစ်လျှောက်မှာ စေတီပုထိုးတို့ကို တည်ထားခဲ့သလို မန္တလေးမြို့အနီး၊ သူမနားမှာ ပန်ဆင်ထားတဲ့ နားဋ္ဌောင်း ပြုတ်ကျရာ "နားဋ္ဌောင်းကျချောင်း" သန့်ရှင်းကြည်လင်အေးမြတဲ့ မြစ်ချောင်းနံဘေးမှာ ရွှေစာရံဘုရားကို တည်ထားကိုးကွယ်ပြီး မင်းကြီးအနော်ရထာဘုရင်လည်း ကြင်ယာတော်အပေါ် အမျက်တော်ပြေပါစေကြောင်း ဆုတောင်းခဲ့ရှာတယ်။

အဲ့ဒီလို စေတီတည်တာကိုသိတဲ့ အနော်ရထာမင်းကြီးဟာ မိဖုရားစောမွန်လှ တည်ထားခဲ့တဲ့ ရွှေစာရံစေတီ ဘေးပတ်လည်က မြေတာပေါင်းများစွာကို ဘုရားဝတ္တကမြေအဖြစ် လှူဒါန်းပေးခဲ့တာကို ကြည့်ခြင်းအားဖြင့် အနော်ရထာမင်းကြီးဟာ မိဖုရားစောမွန်လှအပေါ်မှာ သံယောဇဉ်တွေ၊ အချစ်စိတ်တွေ ယတိပြတ်ပျက်ပြယ်သွားတာမျိုးမဟုတ်ဘဲ ချစ်ခင်နှစ်သက်မှုရှိနေဆဲဆိုတာ ခန့်မှန်းကြည့်ရင် သိနိုင်ပါတယ် ဂျွန်ရေ။

စောမွန်လှရဲ့ခမည်းတော်ဟာ သီပေါမြို့အထိ လာကြိုတယ်လို့ ကြားသိထားရတော့ ဆက်စပ်ကြည့်မယ်ဆိုရင် ဘော်ကြိုမြို့က ဘော်ကြိုဘုရားဟာလည်း မင်းသမီးစောမွန်လှတည်ထားခဲ့တာ ဖြစ်နိုင်ပါတယ်။

ဘာကြောင့်လဲဆိုရင် ဘော်ကြိုဆိုတာ ရှမ်းအခေါ် အဖေလာကြိုတဲ့နေရာပါ။ (ဘော်ကြိုဆိုတာ စောမွန်လှရဲ့ အဖေလာကြိုတဲ့နေရာမို့ ဘော်ကြိုဘုရားလို့ အမည်တွင်ပါတယ်) လူအများကလည်း ဒီလို အသိအမှတ်ပြုထားကြဆဲဖြစ်ပေမယ့် တချို့သော သမိုင်းမှတ်တမ်းမှာ ဘော်ကြိုဘုရားဟာ သီရိဓမ္မာသောကမင်းကြီး တည်ထားတဲ့ဘုရားသာ ဖြစ်ကြောင်း ဆိုပါတယ်။

စိတ်နှလုံးကြေကွဲပြီး နေထိုင်မကောင်းဖြစ်လာတဲ့ ကံခေလွန်းရှာတဲ့ ရှမ်းမင်းသမီးလေး စောမွန်လှဟာ သူမရဲ့ မွေးဖွားရာဇာတိ စယ်လန့်ကိုတောင် မရောက်နိုင်ဘဲ လမ်းတစ်ဝက် သီပေါမှာတင် ကံတော်ကုန်ခဲ့ရှာပါတယ် ဂျွန်ရေ။

ဒီရာဇဝင်လေး ဂျွန့်ကို ပြောပြပြီးပြီဆိုတော့ အနော်ရထာမင်းကြီးက မင်းသမီးစောမွန်လှကို ပြန်ဖို့ စေလွှတ်တာမှန်သလား။ မင်းသမီးစောမွန်လှက အနော်ရထာမင်းကြီးဆီ ပြန်ခွင့်တောင်းတာက မှန်သလားဆိုတာ။ အချစ်စစ်စစ်တွေဟာ မဖြောင့်ဖြူးဘူးဆိုတာ အမှန်ပဲလား၊ ဒါမှမဟုတ် အရမ်းချစ်ကြတဲ့ ချစ်သူ၊ ကြင်သူနှစ်ယောက်ကြားမှာ ကုန်းတိုက်၊ ချောက်ချသူတွေကြောင့် ဝေးကွာရတာလား။ ချစ်လျက်နဲ့ခွဲခွာရတဲ့ အနော်ရထာမင်းကြီးနဲ့ မိဖုရားစောမွန်လှတို့လို အဖြစ်မျိုး ချစ်သူတိုင်းမကြုံရပါစေနဲ့ ချစ်သူတွေတိုင်း ကြားလေသွေးတောင် မဝေးကြပါစေနဲ့လို့ ဆုတွေတောင်းရင်း၊ တွေးရင်း၊ တွေးရင်း အမှန်တရားဆိုတာက နောက်ကျပြီးမှရောက်လာတတ်တယ် မဟုတ်လား ဂျွန်ရေ။ အဲ့ဒီအချိန်ကာလတစ်ခုမရောက်မီ ဂျွန်လည်း ကျန်းမာပါစေ၊ ကျွန်မလည်း ကျန်းမာပါစေ။

အမှန်တရားလည်း ကျန်းမာပါစေကွယ်။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၄၃)၊ ဦးပိုင်အမှတ်(၂၃+၂၄)၊ ဧရိယာ(၀ ဒသမ ၁၁၀၂)ဧက အကျယ်အဝန်းရှိ ဒေါ်လှလှဝေ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဂရန်အမည်ပေါက် ပိုင်ဆိုင်ထားသူဖြစ်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဒေါ်လှလှဝေ(ဘ)ဦးအောင်ရှိန်(၉/မရတ(နိုင်)၀၀၀၇၄၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ သမ္မတောကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၄၄-အောင်ပင်လယ် အရှေ့ကန်တွင်းကွင်း)၊ ဦးပိုင်အမှတ်(၃၉/၂+၄၅/၄+၃၈/၁+၃၉/၄+၃၈/၂)၊ ဧရိယာ(၂ ဒသမ ၂၄ + ၀ ဒသမ ၈၅ + ၁ ဒသမ ၆၇ + ၁ ဒသမ ၀၃ + ၀ ဒသမ ၈၆)ဧက စုစုပေါင်းဧရိယာ (၆ ဒသမ ၆၅)ဧက အကျယ်အဝန်းရှိ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးစိန်ညွှန့်(ဘ)ဦးအေးမောင်(၁၃/မဆတ(နိုင်)၀၄၅၈၄၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်များ၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇-လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၅၀၄/၂၀၀၅)အား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၇)၊ ဦးပိုင်အမှတ်(၂၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့်ပတ်သက်၍ ဦးညဏ်(ဘ)ဦးဘရီ(ဘီဗွီ-၀၀၁၁၈၀)ကိုင်ဆောင်သူမှ ဒေါ်ချောက်ရီ(ဘ)ဦးလောကျန်းနော်(၁၃/ကခန(နိုင်)၀၃၄၇၉၉)ကိုင်ဆောင်သူသို့ မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် (၁၆-၅-၂၀၀၅)ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၅၀၄/၂၀၀၅)ဖြင့် လွှဲအပ်သူ၏ ကိုယ်စားလိုအပ်သော ရုံးကိစ္စအဝဝတို့ကို ဆောင်ရွက်နိုင်ရန်အတွက် အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့ပါသည်။

အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့သူဖြစ်သော ဦးညဏ်သည် (၂၉-၉-၂၀၁၉)ရက်တွင် ကွယ်လွန်ခဲ့ပါသဖြင့် ဇနီးဖြစ်သူ ဒေါ်ထွေးစိန်မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာတမ်း စာချုပ် ချုပ်ဆိုပြီး ခင်ပွန်းဖြစ်သူ လွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၅၀၄/၂၀၀၅)ကို ပြန်လည်ရုပ်သိမ်းမည်ဖြစ်ပါကြောင်းနှင့် ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(ပ-၆)၊ ဦးပိုင်နံပါတ်(၆၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၄၁၃)ဧက အကျယ်အဝန်းရှိ တပ်ကြပ် မိုးဇက် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးနုမား(ဘ)ဦးရှစ်ဘီလာလ်(၉/မကန(နိုင်)၀၂၁၉၈၇) [၄င်း၏ကိုယ်စား သားမက်ဖြစ်သူ ဦးအောင်ကျော်ဆန်း(ဘ)ဦးခင်ဘဒူး(၉/မကန(နိုင်)၁၁၄၁၆၀)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ**
**ဦးဖြိုးသာခန့် (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်ကောင်းစုဝမ်း (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်မေစင်ဖြိုး (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၅၇)၊ ဦးပိုင်နံပါတ်(၂၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ ဒေါ်လှမြင့် အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀ × ၄၀)ထဲမှ တောင်ဘက်အစွန်ဆုံးအခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်နိုင်ဇာကျော်လွင်(ဘ)ဦးကျော်လွင်(၉/မဟမ(ပြု)၀၀၀၄၀၆)နှင့် ဒေါ်ယမင်းအ္ဍလီ(ဘ)ဦးညီညီထွန်း(၉/ခအဇ(နိုင်)၀၂၅၁၆၉)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ-**
**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ**
**ဦးကြည်ယံ (LL.M) အထက်တန်းရှေ့နေ**
**ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်သဲမို့မို့ထွန်း (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်(၄၈၈)၊ သာမိုးတောင်ရပ်ရှိ ဦးပိုင်အမှတ်(၃/ခ)၊ (၁၀ ပေ × ပေ ၁၀၀) ဧရိယာအကျယ်အဝန်းရှိ မြေကွက်အား မူလပိုင်ရှင် ဒေါ်နီနီလင်း(ဘ)ဦးသိန်း(ခ)ဦးကျော်သိန်း(၉/ခမစ(နိုင်)၀၀၇၀၃၂)ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးဝေဟင်မင်းထက်(ဘ)ဦးမင်းလွင်(၉/ပကခ(နိုင်)၀၃၉၉၃၄)မှ (၁၉-၅-၂၀၂၄)ရက်တွင် ငွေအပြေအကြေ ပေးချေ၍ လက်ရောက်ဝယ်ယူခဲ့ပြီး ယနေ့တိုင် ခိုင်မာစွာ လက်ဝယ်ထားရှိပါသည်။ ကျွန်ုပ်မိတ်ဆွေ ဦးဝေဟင်မင်းထက်၏ သဘောတူခွင့်ပြုချက်မရဘဲ ၄င်းမြေကွက်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ဝင်ရောက်ကျူးကျော်ခြင်း၊ အလွဲသုံးစားခြင်း၊ နှောင့်ယှက်ခြင်း၊ မဟုတ်မမှန် တိုင်ကြားပြောဆိုခြင်းများ မပြုလုပ်ရန် ၄င်းမြေကွက်အား ထိပါးနှောင့်ယှက်ခြင်းပြုပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**ဦးဝေဟင်မင်းထက်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်ညွှန့်(တရားလွှတ်တော်ရှေ့နေ)(စဉ်-၅၆၅၀)(၁၉၉၁)**
**လားရှိုးကားပစ္စည်းဆိုင်ဝင်း၊ လမ်း၂၀နှင့် ၂၁လမ်းကြား၊ ၈၁လမ်း၊ ပုလဲငွေရောင်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၄၁၀၀၅၅၄၁၊ ၀၉-၄၃၁၀၀၈၈၉**

**သင့်ကျန်းမာရေးအတွက်**
**နေ့စဉ်**
**လမ်းလျှောက်ပါ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီမုခ်ဦးတန်းရပ်ကွက်၊ အကွက်အမှတ်(၄၇၀)၊ ဦးပိုင်အမှတ်(၂၄/၃)၊ အရှေ့အနောက်(၁၆)ပေ၊ တောင်မြောက်(၃၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ+မီး အပါအဝင် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် လက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုကာ ရောင်းချသူများဖြစ်ကြသည့် (၁) ဦးဖြိုးမင်းသူ(ဘ)ဦးအောင်ထွေး(၁၄/ပသန(နိုင်)၂၃၇၇၀၃)၊ (၂) ဒေါ်လဲ့လဲ့အောင် (ဘ)ဦးစံလင်း(၉/မဟမ(နိုင်)၀၃၂၄၄၂)တို့က ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ကျွန်ုပ်မိတ်ဆွေထံ ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေကလည်း ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၅)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေရည်ဝင်းနိုင် (LL.B, D.B.L, D.I.L**
**WIPO-DL-101(Switzerland)**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(၃၈၂)၊ သံလျက်မော်အနောက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၄၃၇၁၊ ၀၉-၆၉၁၈၃၁၉၇၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၅)၊ ဦးပိုင်နံပါတ်(၂၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ ဒေါ်အေးမာ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ရီရီမြင့်(ဘ)ဦးစိန်(၇/ပမန(နိုင်)၁၀၂၃၉၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

- ပါတီစုံဒီမိုကရေစီစနစ်ကို အမှန်တကယ်လိုလားလက်ခံပြီး နိုင်ငံ၏ဂုဏ်သိက္ခာနှင့်အညီ နိုင်ငံကြီးသားပီသစွာဖြင့် စည်းစနစ်တကျ အေးချမ်းစွာပါဝင်ဆန္ဒမဲပေးခဲ့ကြခြင်းသည် နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ကိစ္စရပ်ပင်ဖြစ်...
- ရွေးကောက်ပွဲကျင်းပရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြဋ္ဌာန်းမှုများကို စနစ်တကျဖြင့် ဆောင်ရွက်နိုင်ခဲ့သည်ကိုတွေ့ရ...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ပြုလုပ်သော ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

- **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**
- **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**
- **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

# နိုင်ငံတကာစစ်ရေယာဉ်များတွေ့ဆုံပွဲ (IFR-2026) နှင့် နိုင်ငံပေါင်းစုံရေတပ်လေ့ကျင့်ခန်း (MILAN-2026) သို့ တက်ရောက်ခဲ့သော တပ်မတော်(ရေ) မှ စစ်ရေယာဉ်(အောင်ဇေယျ) ပြန်လည်ရောက်ရှိ



တပ်မတော်(ရေ)ကိုယ်စားလှယ်အဖွဲ့ City Parade တွင် ပါဝင်ဆောင်ရွက်နေမှုကိုတွေ့ရစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၈

အိန္ဒိယနိုင်ငံ Visakhapatnam မြို့၌ ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၅ ရက်အထိ ကျင်းပပြုလုပ်သော နိုင်ငံတကာစစ်ရေယာဉ်များ တွေ့ဆုံပွဲ International Fleet Review-2026 (IFR-2026)နှင့် နိုင်ငံပေါင်းစုံ ရေတပ်လေ့ကျင့်ခန်း (MILAN-2026) များသို့ တက်ရောက်ခဲ့သည့် တပ်မတော်(ရေ)မှ အဖွဲ့ ခေါင်းဆောင် ဗိုလ်မှူးချုပ် ကျော်စွာထက် ဦးဆောင်သော စစ်ရေယာဉ်(အောင်ဇေယျ)သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄)ရေတပ်ဆိပ်ခံတံတား(သီလဝါ)သို့ ပြန်လည်ရောက်ရှိရာ နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ် သိန်းထူးနှင့် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတကာစစ်ရေယာဉ်များ တွေ့ဆုံပွဲ (IFR-2026) နှင့် နိုင်ငံပေါင်းစုံ ရေတပ်လေ့ကျင့်ခန်း (MILAN-2026) များသို့ တက်ရောက်ရန် စစ်ရေယာဉ်(အောင်ဇေယျ) သည် ဖေဖော်ဝါရီ ၁၁ ရက်တွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာခဲ့ရာ အိန္ဒိယနိုင်ငံ

*စာမျက်နှာ ၆ သို့* ■

## ရောဝတီမြစ်ရေ လက်ရှိရေမှတ်အောက် ကျဆင်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ရောဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၂၂၆ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ၂၀၂၆ ခုနှစ် မတ်လ ပထမ (၁၀)ရက်ပတ်အတွင်း လက်ရှိရေမှတ်အောက် ၃ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၃၆၀ စင်တီမီတာအောက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ရောဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်ကိုင်းမြို့တွင် ၁၅၉ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ၂၀၂၆ ခုနှစ် မတ်လ ပထမ (၁၀) ရက်ပတ်အတွင်း လက်ရှိရေမှတ်အောက် ၃ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၁၇၀ စင်တီမီတာအောက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မုံရွာမြို့တွင် ၈၄ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ၂၀၂၆ ခုနှစ် မတ်လ ပထမ (၁၀) ရက်ပတ်အတွင်း လက်ရှိရေမှတ်အောက် ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၁၀၀ စင်တီမီတာအောက်တွင် ဆက်လက်တည်ရှိနိုင်သည်။

မိုး/ဇလ

## ပရီးမီးယားလိဂ် ပွဲစဉ်(၂၈)တွင် လီဗာပူး၊ ဘရန့်ဖို့ဒ်၊ အဲဗာတန်တို့ အသီးသီးနိုင်ပွဲကိုယ်စီရယူ

**လန်ဒန် ဖေဖော်ဝါရီ ၂၈**

ပရီးမီးယားလိဂ် ပွဲစဉ်(၂၈)တွင် လီဗာပူး၊ ဘရန့်ဖို့ဒ်၊ အဲဗာတန်အသင်းတို့ အသီးသီးနိုင်ပွဲ ကိုယ်စီရယူနိုင်ခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် ည ၉ နာရီခွဲက လီဗာပူးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လီဗာပူးအသင်းက ဝက်စ်ဟမ်းအသင်းကို ငါးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

လီဗာပူးအသင်းအတွက် သွင်းဂိုး ငါးဂိုးကို ပွဲချိန် ၅မိနစ်တွင် အီကီတီကီ၊ ပွဲချိန် ၂၄မိနစ်တွင် ဗန်ဒိုက်ချ်၊ ပွဲချိန် ၄၃မိနစ်တွင် မက်အယ်လစ္စတာ၊ ပွဲချိန် မိနစ် ၇၀တွင် ဂက်ပို၊ ပွဲချိန် ၈၂မိနစ်တွင် ဒီဆာစီ(OG)တို့ အသီးသီး သွင်းယူပေးခဲ့သည်။

ဆက်လက်၍ ဘရန့်ဖို့ဒ်အသင်းနှင့် ဘန်လေအသင်းတို့ ပွဲစဉ်တွင်လည်း ဘရန့်ဖို့ဒ်အသင်းက ဘန်လေအသင်းကို လေးဂိုး၊ သုံးဂိုးဖြင့်လည်းကောင်း၊ အဲဗာတန်အသင်းနှင့် နယူးကာဆယ်အသင်းတို့ ပွဲစဉ်တွင်လည်း အဲဗာတန်အသင်းက နယူးကာဆယ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့်လည်းကောင်း အသီးသီးနိုင်ပွဲ ရရှိခဲ့သည်။

ပရီးမီးယားလိဂ် ပွဲစဉ်(၂၈) ယှဉ်ပြိုင်ကစားအပြီးတွင် လီဗာပူးအသင်းက ရမှတ် ၄၈ မှတ်ဖြင့် အဆင့် (၅)နေရာ၊ ဘရန့်ဖို့ဒ်အသင်းက ရမှတ် ၄၂မှတ်ဖြင့် အဆင့်(၇)နေရာ၊ အဲဗာတန်အသင်းက ရမှတ် ၄၀မှတ်ဖြင့် အဆင့် (၈)နေရာတို့တွင် အသီးသီးရပ်တည်လျက်ရှိသည်။

(NGB)



